ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လကွယ် တနင်္ဂနွေနေ့ 5, Sunday June 2016 (စာ၅၈)

အမြတ်ဆုံး

လမ်းအားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသောလမ်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံးတို့တွင် သစ္စာလေးပါးတို့သည် အမြတ်ဆုံးဖြစ်ကုန်၏။ သဘောတရားအားလုံးတို့တွင် ရာဂကင်းသော သဘောတရားသည် အမြတ်ဆုံးဖြစ်၏။ ခြေနှစ်ချောင်းရှိကုန်သော လူနတ်သတ္တဝါအားလုံးတို့တွင် ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

(ဓမ္မပဒ-၂၇၃)

ပြည်သူ့အတွက် ပထမ ရက် ၁၀၀

စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးကိုဖော်ဆောင်မည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀

စာမျက်နှာ ၁၆၊ ၁၇

အရိုးစွဲလာသည့် ကွမ်းစားသုံးမှုဝလေ့ ပပျောက်အောင်ဆိုလျှင် ...

သတင်း-ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ မာတ်ပုံ-ဖိုးထောင်

ကွမ်းကို ဆယ်ကျော်သက်အရွယ်ကစပြီး စွဲစွဲမြဲမြဲစားလာခဲ့သူ ကိုကျော်ဇင်မြင့်တစ်ယောက် အနှစ် (၂၀)လောက်ကြာသည့် ယခုအချိန်မှာ ကွမ်းဆက်မစားဖို့ ယတိဖြတ်ဆုံးဖြတ်လိုက်သည်။ လျှာတွေထူ၊ ပါးတွေရောင်နေပြီး အစားအသောက်ပျက်လာကာ ရေပင် ခက်ခက်ခဲခဲမျိုချနေရသည့်အတွက် ယခုလိုဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

"ပါးစပ်တွေပေါက်လာတယ်။ ထမင်းစားလို့ အပူ၊ အစပ်နည်းနည်းစားမိရင် မျက်ရည်ပေါက်ပေါက်ကျရလောက်အောင်ကို ခံစားရတယ်။ ဘယ်လိုမှ မနေနိုင်လို့ နောက်ဆုံးမှာ ကွမ်းဖြတ်ဖို့ ဆုံးဖြတ်လိုက်တယ်"ဟု ကွမ်းယာကြောင့် ခံစားရသည့် ဒုက္ခများကိုပြောပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ရန်ကုန်မြို့တွင် လမ်းအချို့ကို တစ်လမ်းမောင်းစနစ်ပြုလုပ်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားဟုဆို

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့တွင် ယာဉ်ကြောရှုပ်ထွေးမှုပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့ရှိလမ်းအချို့ကို တစ်လမ်းမောင်းစနစ်ပြုလုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

"ယာဉ်ကြောရှုပ်ထွေးမှုတွေကို လျှော့ချနိုင်ဖို့အတွက် နှစ်လမ်းသွားရွှေတိုဂုံဘုရားလမ်းကို အခုတစ်လမ်းမောင်းစနစ်တွေ စတင်ပြုလုပ်ထားတယ်။ ထပ်ပြီးတော့ တစ်လမ်းမောင်းလုပ်သွားမယ့် လမ်းတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားတယ်။ အတည်ပြုချက်ရရင် အဲဒီလမ်းတွေကို တစ်လမ်းမောင်းစနစ်လုပ်ဆောင်မှာပါ"ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုအခါ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ရွှေတိုဂုံဘုရားလမ်းကို တစ်လမ်းမောင်းစနစ် စတင်သတ်မှတ်ကာ ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရန် ယာဉ်ကြောရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေရာ အောင်မြင်မှုရှိနေကြောင်း သိရသည်။

"အခု တစ်လမ်းမောင်းစနစ် လုပ်ထားတဲ့ နေရာမှာတော့ ယာဉ်ကြောကအတော်လေး ကိုရှင်းသွားတယ်။ ဒါကြောင့် တစ်လမ်းမောင်းတွေအတွက် ထပ်မံလေ့လာသွားဖို့ရှိပါတယ်" ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ် မိုးသီဟကျော်က ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၄

၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့မှ ကြီးမှူးကျင်းပသည့် (၁၉) ကြိမ်မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကာတွန်း(အလွတ်တန်း)ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများအနက် ကာတွန်းပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ ဇွန် ၄ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ မူလတန်းအဆင့် ၆၀၊ အလယ်တန်းအဆင့် ၆၆ ဦး၊ အထက်တန်းအဆင့် ၅၁ ဦး စုစုပေါင်း ၁၇၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲကျင်းပရာသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်တို့နှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ အနောက်ပိုင်း ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ လသာမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကျောင်းခန်းမ၌ ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ မူလတန်းအဆင့် ၉၃ ဦး၊ အလယ်တန်းအဆင့် ၈၃ ဦး၊ အထက်တန်းအဆင့် ၈၁ ဦး စုစုပေါင်း ၂၅၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဇွန် ၅ ရက်တွင်လည်း ဗဟန်းမြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွန်ပျူတာပန်းချီပြိုင်ပွဲကိုလည်းကောင်း၊ လသာမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပိုစတာပြိုင်ပွဲနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကာတွန်း(အလွတ်တန်း)ပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၄

၂၀၁၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း ဒဂုံ(မြောက်)တွင် ၁၀ မီတာ လေပစ္စတို (အမျိုးသား/အမျိုးသမီး)၊ ၁၀ မီတာ လေရိုင်ဖယ် (အမျိုးသား/ အမျိုးသမီး) ပစ်ခတ်စဉ် လေးမျိုးအား အလွတ်တန်း၊ လူသစ်တန်းဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးလျှင် ပြိုင်ပွဲအမျိုးအစားနှစ်မျိုးယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် ဇွန်၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း ဒဂုံ(မြောက်)သို့ အမည်စာရင်းပေးသွင်းကြရန်နှင့် သိရှိလိုသည်များအား ဖုန်း ၀၁-၈၀၁၁၀၇၅၊ ၀၉-၄၉၂၉၅၅၄ တို့သို့စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဘဏ်လားပင်လယ်အော် အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘဏ်လားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန် ဘဏ်လားပင်လယ်အော် တွင် မုတ်သုံလေ အားနည်းနေသည်။

အမျိုးသားရေးသမိုင်းပေးတာဝန်

ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းအဆောက်အုံများမှာ နိုင်ငံနှင့် လူမျိုး၏ဂုဏ်ဒြပ်ဖြစ်သည်။ ထိုယဉ်ကျေးမှုအမွေအနှစ်များကို ထိုနိုင်ငံသားများက ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ကြသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများသော မြန်မာနိုင်ငံတွင်လည်း အလားတူပင်ဖြစ်သည်။

မကြာသေးမီက ကမ္ဘာ့အမွေအနှစ်ဇုန်များအတွင်း အဆောက်အအုံ ဆောက်လုပ်သူတို့အား တရားစွဲဆိုသည့် သတင်းတစ်ပုဒ်ကို ကြားသိလိုက်ရသည်။ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခွင့်ပြုချက်မဲ့အဆောက်အအုံ ဆောက်လုပ်ခဲ့သဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ယင်းသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခွင့်ပြုချက်မဲ့ အဆောက်အအုံ ဆောက်လုပ်ကြသူများအတွက် သတိထားရမည့်အချက်ပင်ဖြစ်သည်။ အထူးသဖြင့် ရှေးဟောင်းမြို့ကြီးတစ်မြို့ဖြစ်သည့်ရန်ကုန်မြို့အနေဖြင့်လည်း ပို၍သတိမူရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် သက်တမ်းနှစ်တစ်ရာကျော်ရှိသည့် ကိုလိုနီခေတ် ရှေးဟောင်းလက်ကျန် အဆောက်အအုံများစွာရှိသည်။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် သာမက အခြားမြို့နယ်များတွင်လည်း ရှေးဟောင်းလူနေအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ များစွာရှိသည်။

အဆိုပါအဆောက်အအုံများအား မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်မှုများရှိနေသော်လည်း အချို့အဆောက်အအုံများမှာ ဖျက်ဆီးမှုများ၊ ပျက်စီးမှုများနှင့်လည်းကြုံတွေ့နေရသည်။ အဟောင်းနှင့် အသစ် အရောအနှောပုံစံများအဖြစ်လည်း မြင်တွေ့ရသည်။ ခေတ်သစ်အဆောက်အအုံများကြားတွင် တိမ်မြုပ်နေသော အချို့ရှေးဟောင်းအမွေအနှစ်များ ဆက်လက်ရှင်သန်ရေးအတွက် ရင်လေးဖွယ်ဖြစ်သည်။

အထူးသဖြင့် ကိုလိုနီခေတ်ကတည်းက မပျက်ယွင်းအောင် အန်တုရပ်တည်ခဲ့ရသော ရန်ကုန်မြို့လယ် ဗဟိုချက်မ ဆူးလေစေတီတော်မှာ မြင့်မားသောခေတ်သစ်အဆောက်အအုံများကြားတွင် ဖူးမြော်ခွင့်ရနေသေးသည်မှာ မြန်မာတို့အတွက် ကံကောင်းလှသည်ဟုဆိုရမည်။ အလားတူအခြားထင်ရှားသော ရှေးဟောင်း သာသနိကအဆောက်အအုံများစွာတို့မှာ ခေတ်သစ်အဆောက်အအုံများစွာတို့၏ လွှမ်းမိုးနေရာ ယူမှုများဖြစ်မလာအောင် ကျားကန်နေရဆဲဖြစ်သည်။

ယခုတစ်ဖန် ရှေးဟောင်းသာသနိကအမွေအနှစ်ဖြစ်သည့် ဗိုလ်တထောင်ဘုရား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကွန်တိန်နာဆိပ်ကမ်းပြောင်းရွှေ့ရေးကို ဆွေးနွေးမည်ဟု ကြားသိရပြန်သည်။ ဘုရားအနီးတွင် တည်ရှိသော ကွန်တိန်နာစခန်း၊ ကွန်တိန်နာယာဉ်တန်းများ ဥဒဟိုဖြတ်သန်း အတင်အချပြုလုပ်လျက်ရှိရာ ထိုလုပ်ငန်း၏ တုန်ခါမှုဒဏ်ကြောင့် ရေရှည်တွင်စေတီတော်ကြီး ကြံ့ခိုင်မှုအတွက် စိုးရိမ်စရာဖြစ်နိုင်သည်ဟုဆိုကြသည်။ ဤသို့ဖြင့် တာဝန်သိပြည်သူတို့က မနေသာသဖြင့် ပြောဆိုဆွေးနွေးမှုများပြုလာရသည်။ တာဝန်ရှိသူတို့ကလည်း အလေးထားတင်ပြဆွေးနွေးနေကြပြီဟု သိရသည်။

ယင်းတို့သည် မြန်မာတို့၏ အမျိုး၊ ဘာသာ သာသနာအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သော အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာသည်။ တစ်နည်းဆိုသော် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်လိုသည့် အသိစိတ်ဓာတ်ဝင်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းဝင်နေရာများ၊ သမိုင်းမှတ်တိုင်များ၊ ရှေးဟောင်းအဆောက်အအုံ အမွေအနှစ်များ၊ သမိုင်းမှတ်တမ်းပေစာပုရပိုက်များ၊ ကျောက်စာများသာမက ယဉ်ကျေးမှုအမွေအနှစ်များအားလုံး ယိုယွင်းပျက်ပြယ်ပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသွားကြရမည်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန် တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယလှပ စိမ်းမြမြ

မြေးမှ် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇေါ်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယေဒတန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ခုနှစ် ၁၆ လွှာ ဇူလိုင်လတည်ထောင်သည်

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၅၅ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၁၄၃၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့ သုံးခွမြို့နယ် တကောရေထိန်းတံခါးအနီးတွင် ဒေသနေတောင်သူလယ်သမားများနှင့် တွေ့ဆုံ လယ်ယာကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

ရန်ကုန် ဇွန် ၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များ ရှိနိုင်ပါကြောင်း၊ အားနည်းချက်များကို နိုင်ငံတော်နှင့်ပြည်သူတို့ ပူးပေါင်းလက်တွဲပြီး အကောင်းဆုံးဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တကောကျေးရွာ တကောရေတံခါးအနီးတွင် ဒေသနေတောင်သူလယ်သမားများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်က ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ဇနီးက နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများအကျိုး၊ ပြည်သူများအကျိုးကိုရှေးရှု၍ ဘက်စုံထောင့်စုံမှ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ ပညာရှင်များအပိုင်းကလည်း ဒေသနေတောင်သူလယ်သမားများ၏ အကြံပြုချက်၊ တင်ပြချက်များအပေါ် အလေးထားထည့်သွင်းစဉ်းစားကြပြီး နည်းပညာအပိုင်းမှ အကောင်းဆုံးကြိုးစားအဖြေရှာကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့်အချိန်မှစ၍ ပြည်သူကိုအကျိုးပြုရန်အတွက် ပြည်သူတို့၏လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရေးရည်ရွယ်ပြီး အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း စိတ်တူကိုယ်တူဖြင့် ပိုင်းဝန်းလက်တွဲ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသနေတောင်သူလယ်သမားကိုယ်စားလှယ်များက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တစ်ဦးချင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဤဒေသအတွင်း ကြုံတွေ့နေရသော ရေကြောင်းသွားလာရေး အခက်အခဲများ၊ ရေကြီးနစ်မြုပ်မှုများ၊ ဆားငန်ရည်ဝင်ရောက်ခြင်းနှင့် ကမ်းပါးများ ပြိုကျခြင်းစသည့် ဒေသနေပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းကူညီပေးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးချက်များအရ ရေတံခါးများပြုပြင်ထိန်းသိမ်းမှုအားနည်းခဲ့ခြင်း၊ ယခင်ကဆောင်ရွက်ခဲ့သော ရန်ကုန်မြို့တော် မိုင်(၃၀)ဝန်းကျင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ အပြီးသတ်မဆောင်ရွက်နိုင်ခဲ့ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းရန်လိုအပ်နေခြင်း၊ ဝင်ပေါက်၊ ထွက်ပေါက်ပါရှိသော အဆင့်မြင့် ရေတံခါးများ တပ်ဆင်ရန်လိုအပ်နေခြင်းတို့ကို တွေ့ရှိရပါကြောင်း။

မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိအခြေအနေတွင် ရေတံခါးများ အသစ်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဒေသနေပြည်သူများ ရေလမ်းကြောင်းအသုံးပြုသွားလာရေး အဆင်ပြေချောမွေ့ရန်အတွက် ပိတ်ဆို့ထားသော မူလတကောချောင်းကို ယာယီဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် ဖြစ်ပေါ်နေသည့်ထိခိုက်မှုများနှင့် ရေငန်ဝင်ရောက်မှုကြောင့် လယ်မြေများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့အတွက် ဒေသတစ်ခုလုံး၏ အခြေအနေပေးမှုများကို ခြုံငုံသုံးသပ်ပြီး ဒေသနေပြည်သူများအတွက် အကောင်းဆုံးနှင့် အကျိုးအရှိဆုံးဖြစ်စေရေးကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အခင်းအကျင်းသစ်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၄

အခင်းအကျင်းသစ်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆွေးနွေးပွဲကို ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင် နေပြည်တော်ရှိ Lotus ဟိုတယ်၌ ကျင်းပလျက်ရှိသည်။

နေပြည်တော်ရှိ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ အားကောင်းလာစေရန်၊ ပြည်သူလူထုနှင့်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းလာစေရန်၊ Good Government အားကောင်းလာစေရန်၊ အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် Than Lwin (Citizen Empowerment Program)နှင့် Triangle Women's Support Group အဖွဲ့တို့က နေပြည်တော်ကောင်စီနယ်မြေတွင်း ရှစ်မြို့နယ်ရှိ CSO များကိုဖိတ်ကြားပြီး ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"အစိုးရတစ်ခုတည်းပြောင်းလဲလို့ မရဘူး။ အစိုးရနဲ့ပြည်သူကြားမှာ အရပ်ဘက်အဖွဲ့အစည်းတွေက အစိုးရကိုကူညီနိုင်တယ်။ စောင့်ကြည့်နိုင်တယ်။ ထိန်းကျောင်းနိုင်တယ်"ဟု ဇော်မင်းကျော်(Than Lwin Empowerment Founder)က ပြောသည်။

အစိုးရအား ပြည်သူလူထုက ထောက်ပြပေးရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတဦးထင်ကျော်က ပြောကြားထားကြောင်း ဟောပြောပို့ချသူ ဦးသီဟသူ(ခ)ဆန်နီ (နိုင်ငံသားစွမ်းရည်မြှင့်တင်ရေးအဖွဲ့)က ပြောသည်။

ဆွေးနွေးပွဲပထမနေ့တွင် ဦးလေးညွှန့်က မြန်မာ့စီးပွားရေးတွင် လယ်ယာကဏ္ဍအရေးပါမှု၊ ဦးသီဟသူက အုပ်ချုပ်မှုကောင်း၏ အဓိကအခြေခံအရာများကို ဆွေးနွေးဟောပြောပြီး ဒုတိယနေ့တွင် နေဘုန်းလတ်က လူငယ်များ၏ အခန်းကဏ္ဍ၊ ဒေါ်ခင်လေးက မူဝါဒဥပဒေများ ပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတို့၏ အခန်းကဏ္ဍ၊ တေးသံရှင်စောဗိုးခွားတို့၏ ဖျော်ဖြေမှု၊ ပညာပေးအစီအစဉ်များနှင့် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသန့်)

■

လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ(Day Care Center for the Aged) သို့ရောက်ရှိရာ ဂေဟာတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဂေဟာအတွင်းရှိ ဘုရားခန်း၊ သွားနှင့်ခံတွင်းဆေးခန်း၊ ထမင်းစားခန်း၊ စာကြည့်တိုက်၊ စိတ်ကြိုက်နားနေခန်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးခန်းတို့ကို လှည့်လည်ကြည့်ရှု၍ အဘိုးအဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကြိုတင်ကာကွယ်ခြင်းနှင့် ချက်ချင်းအရေးယူဆောင်ရွက်ခြင်းကဲ့သို့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရန်အတွက် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဆက်ဆံရေးဌာန(Public Relation Corner)သို့ ရောက်ရှိပြီး ဖုန်း(သို့မဟုတ်) လူကိုယ်တိုင်ဖြင့် ဆက်သွယ်လာ သောလူမှုရေးအခက်အခဲများနှင့်စပ်လျဉ်း၍ ပြည်သူ့အတွက် လိုအပ်သော ဝန်ဆောင်မှုများကို ပြည်သူများထံ သတင်းအချက်အလက် မျှဝေရေး အသိပညာပေးရန်နှင့် ဆက်သွယ်ရမည့် ဖုန်း ၀၉-၄၅၃၁၉၇၂၂၅ သို့ ပြည်သူများသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်မှု သင်တန်း(Care Giver) တက်ရောက်လျက်ရှိသော သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် အမှန်တကယ်လက်တွေ့ အသုံးချဆောင်ရွက်နိုင်သူများဖြစ်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အသက်(၁၈)နှစ်အောက် မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးကလေးများကို လက်ခံပြုစုစောင့်ရှောက်လျက်ရှိသော မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိပြီး စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းဖွင့်လှစ်ပို့ချနေမှုများ၊ မူလတန်းပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကလေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ရောက်ရှိပြီး ကျောင်းရှိအမျိုးသမီးများကို လေ့ကျင့်သင်ကြားပေးနေသည့် ရက်ကန်း၊ အိမ်တွင်းအချုပ်အလုပ်၊ ဇာထိုးပန်းထိုး၊ ဆိုဖာ/ကူရှင်ချုပ်သင်တန်းနှင့် လက်မှုပညာပစ္စည်းများ အရောင်းဆိုင်နှင့် ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကာ ခိုကိုးရာမဲ့နေသော အမျိုးသမီးငယ်များ ဘဝမြှင့်တင်ပြီး မိမိဘဝကိုကိုယ်တိုင် ပျိုးထောင်ရပ်တည်နိုင်ရန်နှင့် ကောင်းမွန်သော လက်မှုပညာပစ္စည်းများ ထုတ်လုပ်ရောင်းချမှုကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တွေ့ဆုံ၍ ရန်ကုန်မြို့ရှိ လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံရှိ ကျားများမွေးမြူထားသော ဘုန်းကြီးကျောင်းမှ ကျား ၁၃၇ ကောင်ကို မွေးမြူရေးစင်တာတစ်ခုသို့ ရွှေ့ပြောင်း

ဘန်ကောက် ဇွန် ၄

ထိုင်းနိုင်ငံ ကန်ချာနာဘူရီခရိုင်ရှိ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုတစ်ခုဖြစ်သည့် ကျားများမွေးမြူထားသော ဘုန်းကြီးကျောင်းမှ ကျားကောင်ရေ ၁၃၇ ကောင်ကို ဇွန် ၄ ရက်က နောက်ဆုံးအကြိမ်အဖြစ် ရာချာဘူရီခရိုင်ရှိ မွေးမြူရေးစင်တာတစ်ခုသို့ ရွှေ့ပြောင်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဘုန်းကြီးသုံးပါးအပါအဝင် သက်ဆိုင်သူနှစ်ဦးကို တောရိုင်းတိရစ္ဆာန်များ လက်ဝယ်ပိုင်ဆိုင်ထားရှိမှုဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ထိုင်းအမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နောက်ဆုံးအကြိမ် ရွှေ့ပြောင်းခဲ့သော ကျားများ၏ သက်တမ်းသည် (၈)နှစ်မှ (၁၂)နှစ်အရွယ်ရှိသည်။ ရာသီဥတုပူပြင်းမှုကြောင့် ကျားများပြောင်းရွှေ့ခြင်းကြန့်ကြာခဲ့ရကြောင်း တောရိုင်းတိရစ္ဆာန်ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။

မွေးမြူရေးစင်တာသို့ ပြောင်းရွှေ့ထားသော အင်ဒိုတရုတ်မျိုးစပ်ကျားများကို သဘာဝတောအုပ်အတွင်းသို့ မကြာမီပြန်လည်လွှတ်ပေးမည်ဖြစ်သည်။

အဆိုပါ ဘုန်းကြီးကျောင်းတွင် မွေးမြူထားသော တောဝက်ထီး၊ ဒရယ်နှင့် ဒေါင်းစသည့် တိရစ္ဆာန်များကိုလည်း မကြာမီရွှေ့ပြောင်းမည်ဖြစ်ကြောင်း သိရသည်။

ကျား၊ ဝက်ဝံနှင့် အခြားသောတိရစ္ဆာန်များမှ ရရှိသော ကုန်ကြမ်းများဖြင့် ပြုလုပ်ထားသည့် ပစ္စည်းအများအပြားကို ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် တာဝန်ရှိသူများက တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကျားသားပေါက်အသေ ၄၀ ကောင်အပြင် အခြားသောသားကောင်များ၏ အင်္ဂါအစိတ်အပိုင်းများကို အအေးခန်းတစ်ခုထဲတွင် တွေ့ရှိခဲ့သည်။ ၎င်းတို့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ထားရှိသလဲဆိုသည်ကိုမူ တာဝန်ရှိသူများက ဆက်လက်စုံစမ်းသွားမည်ဖြစ်သည်။

ကျားတစ်ကောင်၏ အင်္ဂါအစိတ်အပိုင်းဖြင့် ပြုလုပ်ထားသော အဆောင်၊ လက်ဖွဲ့ ၇၀၀ ခန့်နှင့် ကျားသားရေနှစ်ခုတို့ကို ထရပ်ကားတစ်စီးဖြင့်သယ်ဆောင်လာသော ဘုန်းကြီးတစ်ပါးနှင့် အရပ်သားတစ်ဦးတို့ကို တာဝန်ရှိသူများက လမ်းခုလတ်တွင် ဇွန် ၂ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ။

စစ်ဘေးဒုက္ခသည်များဆိုင်ရာ ခေါင်းဆောင်မှူထိပ်သီးအစည်းအဝေး ကျင်းပမည်

ဝါရှင်တန် ဇွန် ၄

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ယခုနှစ်ကျင်းပမည့် ကုလသမဂ္ဂထိပ်သီးညီလာခံတွင် စစ်ဘေးဒုက္ခသည်များဆိုင်ရာ ခေါင်းဆောင်မှူထိပ်သီးအစည်းအဝေးကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်အရာရှိများက ဆိုသည်။

ဇွန် ၄ ရက်က ထုတ်ပြန်သော အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် အဆိုပါအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။ ယင်းအစည်းအဝေးပွဲတွင် ဒုတိယကမ္ဘာစစ်ကစပြီး ယခုအချိန်ထိတိုင် စစ်ဘေးရှောင်ဒုက္ခသည်များ ရင်ဆိုင်ကြုံတွေ့နေရသော အကြောင်းအရာများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတက မိန့်ခွန်းတစ်ရပ်ပြောကြားမည်ဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကမ္ဘာအဝန်းရှိ သန်း၂၀ သော စစ်ဘေးရှောင်ဒုက္ခသည်များကို ယခင်ကထက် ပိုမိုကူညီထောက်ပံ့ပေးရန်နှင့် ကာကွယ်မှုများပေးရန် တိုက်တွန်းထားသည်။ ထိုသို့ စစ်ဘေးဒုက္ခသည်များဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပရခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများကိုမေတ္တာရပ်ခံပြီး ကမ္ဘာတစ်ဝန်းရှိ စစ်ဘေးဒုက္ခသည်များအတွက် ကူညီထောက်ပံ့မှုများ ပိုမိုရရှိလာစေရန်ရည်ရွယ်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်ဟု အိမ်ဖြူတော်က ဆိုသည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကအပါအဝင် အခြားသောဒေသများမှ ဒုက္ခသည်အများအပြားသည် လွန်ခဲ့သည့်နွေရာသီကစပြီး ဥရောပနိုင်ငံများသို့ အလုံးအရင်းဖြင့် နေ့စဉ်ဝင်ရောက်လာခဲ့သည်။ ၎င်းတို့တွင် ဆီးရီးယားပြည်တွင်းစစ်ဘေးရှောင်ဒုက္ခသည်များလည်း ပါဝင်သည်။

အင်နန်အိတ်ချ်ကေ။

အိန္ဒိယကထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် စစ်သွေးကြွများ ချုံခိုတိုက် နယ်ခြားစောင့်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

ဆရီနာဂါ ဇွန် ၄

အိန္ဒိယနိုင်ငံမှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ (ဘီအက်စ်အက်ဖ်)၏ယာဉ်တန်းအား ဇွန် ၃ ရက်က စစ်သွေးကြွများက ချုံခိုတိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားကိုးဦးဒဏ်ရာရခဲ့ကြောင်း၊ ဒဏ်ရာရသူများထဲတွင် နှစ်ဦးမှာ စိုးရိမ်ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယား၏ နွေရာသီမြို့တော် ဆရီနာဂါမြို့တော်၏ တောင်ဘက် ၄၄ ကီလိုမီတာအကွာရှိ အန်တန်နက်ခရိုင် ဘီဂျက်ဟာရာမြို့တွင် နယ်ခြားစောင့်တပ်ဖွဲ့၏ ယာဉ်တန်းချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်။

ခွင့်ကုန်ဆုံး၍ ဆရီနာဂါသို့ ပြန်လာသည့် နယ်ခြားစောင့်တပ်ဖွဲ့၏ယာဉ်တန်းတွင် ယာဉ် ၁၁ စီးပါဝင်ပြီး အခြားယာဉ်တန်း နှစ်ခုဖြစ်သည့် အိန္ဒိယကြည်းတပ်နှင့် စစ်ရဲတပ်ဖွဲ့တို့နောက်မှ လိုက်ပါလာစဉ် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ယာဉ်တန်းအား တိုက်ခိုက်ခဲ့သည့် စစ်သွေးကြွများမှာ သုံးဦးဖြစ်မည်ဟု ယုံကြည်ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်သွေးကြွများ၏ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ပြန်လည်တုံ့ပြန်ပစ်ခတ်မှုမှာ ၁၅ မိနစ်ကျော်ကြာမြင့်ကြောင်း ဒေသတွင်းမှ မျက်မြင်ကြုံတွေ့သူများက ပြောကြားသည်။ **ဆင်ဟွာ။**

ယီမင်တွင် ဈေးတစ်ဈေး ဒုံးကျည်ထိမှန်၊ ၁၈ ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရ

အေဒင် ဇွန် ၄

ယီမင်နိုင်ငံ အနောက်တောင်ပိုင်းရှိ တာဇစ်မြို့မှ ဈေးတစ်ဈေးတွင် မေ ၃ ရက် ညနေပိုင်း ဈေးဝယ်သူများဖြင့် စည်ကားနေချိန်၌ ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲရာ အရပ်သား ၁၈ ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရခဲ့ကြောင်း ယီမင်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယီမင်တွင် နောက်ဆုံးဖြစ်ပွားသည့် ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သား ၁၈ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူအများစုမှာ ဈေးဝယ်သူများဖြစ်ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် ဒေသဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူက ပြောကြားသည်။

ရှီးယိုက်ဟူသီသူပုန်များက တာဇစ်မြို့ရှိ လူစည်ကားသည့် ဈေးတစ်ဈေးနှင့် အနီးပတ်ဝန်းကျင်သို့ ကက်ယူရှာ ဒုံးကျည်နှင့် စိန်ပြောင်းများဖြင့် လက်လွတ်စပယ် ပစ်ခတ်ခဲ့ခြင်းကြောင့် အပြစ်မဲ့သည့် အရပ်သားများ သေကျေဒဏ်ရာရရှိခဲ့ကြောင်း သတင်းများထုတ်ပြန်ခဲ့သော်လည်း ရှီးယိုက်ဟူသီသူပုန်အဖွဲ့ကမူ ယင်းပစ်ခတ်မှုမှာ ၎င်းတို့လက်ချက်မဟုတ်ကြောင်း ငြင်းပယ်ပြောကြားသည်။

ဒုံးကျည်ထိမှန်မှုကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ၃၅ ဦးကျော်ရှိကြောင်း ဒေသတွင်း ကျန်းမာရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။ ထိခိုက်ဒဏ်ရာရသူများအား တာဇစ်မြို့၌ ဆေးဝါးကုသမှုများပြုထားပြီး အရေးပေါ်သွေးလှူဒါန်းမှုများပြုလုပ်ကြရန် အဆိုပါ ဆေးရုံမှ ဆော်သြထားသည်။

ယီမင်နိုင်ငံ တာဇစ်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အကြီးအကျယ်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းပြည်နယ်အတွင်းသို့ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အထောက်အပံ့ပေးသူများ ဝင်ရောက်ခြင်းမရှိနိုင်အောင် ဝန်းရံပိတ်ဆို့မှုခံနေရသည်။

အီရန်၏ မဟာမိတ် ရှီးယိုက်ဟူသီ သူပုန်အဖွဲ့နှင့် သမ္မတ ဆာလေအား သစ္စာခံသော ယီမင်တပ်ဖွဲ့များက ၂၀၁၄ ခုနှစ် စက်တင်ဘာလကတည်းက မြို့တော်ဆာနားနှင့် အခြားမြို့များအား တိုက်ခိုက်သိမ်းယူထားပြီး ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံမှုပေးထားသည့် သမ္မတဟောင်းအဘတ်ရာဘူ မန်ဆာဟာဒီအား အကျင့်ပျက်ခြစားမှုများ ကျူးလွန်သည်ဟုစွပ်စွဲကာ တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

ဆော်ဒီအာရေဗျနိုင်ငံ ရာဒက်ရှ်မြို့တွင် ပြည်ပြေးအဖြစ် နေထိုင်ရသည့် ဟာဒီအစိုးရ အာဏာပြန်လည်ရရှိရေးအတွက် ဆော်ဒီအာရေဗျဦးဆောင်သည့် ညွှန့်ပေါင်းလေတပ်ဖွဲ့က ၂၀၁၅ ခု မေလမှစ၍ ယီမင်ပြည်တွင်းစစ်တွင် စစ်ရေးအရ ကြားဝင်စွက်ဖက်လာခဲ့သည်။

ယီမင်ပြည်တွင်းစစ်ကျယ်ပြန့်လာချိန်မှစ၍ အရပ်သားများသေဆုံးမှုမှာ ၆၀၀၀ ကျော်ရှိသွားပြီဖြစ်ပြီး လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဇာတိရပ်ရွာစွန့်ခွာထွက်ပြေးရသူ ယီမင်နိုင်ငံသားဦးရေမှာ ၂ ဒသမ ၄ သန်းကျော်ရှိပြီဖြစ်သည်။

ဆင်ဟွာ။

ဖြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

ရှေးယခင်က ကွမ်းကို မိရိုးဖလာနည်းဖြင့် ကိုယ်တိုင်ယာစားခဲ့သော်လည်း ယခုအခါ နိုင်တီတူး၊ ဖိုတီဖိုက်၊ ဟန်ဒရက်၊ ဘုရင်မ၊ နှပ်ဆေး၊ ဆေးပေါင်းစသည့် ပြည်ပမှတင်သွင်းလာသော ကွမ်းစားဆေးတို့ဖြင့် ကွမ်းကို ဆေးအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် စားသုံးလာကြသည်။

သို့သော် ကိုကျော်ဇင်မြင့်ကဲ့သို့ ကွမ်းဖြတ်သူများမှာ အနည်းစုသာဖြစ်ပြီး အများစုမှာ ကွမ်းယာကို နှစ်ခြိုက်စွာ စားသုံးနေကြဆဲပင်ဖြစ်သည်။

ကွမ်းယာဆိုင်များကိုလည်း ကားမှတ်တိုင်များ၊ လူစည်ကားသောနေရာများ၊ လမ်းများ၊ ရပ်ကွက်များရှိ မည်သည့် လမ်းဘေးဆိုင်မဆို အလွယ်တကူဝယ်ယူစားသုံးနိုင်သည်။

"စားတဲ့သူတွေရှိနေသရွေ့ ရောင်းတဲ့သူကတော့ ရှိနေဦးမှာပဲ။ ဘတ်စ်ကားတစ်မှတ်တိုင်မှာတောင် ကွမ်းယာဆိုင် သုံးခုလောက်ရှိတယ်"ဟု ဗဟန်းမြို့နယ်မှ ကွမ်းယာရောင်းသူတစ်ဦးက ပြောသည်။

ကွမ်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် စိုက်ပျိုးလျက်ရှိပြီး ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး ကွမ်းကုန်စည်ဒိုင်များသို့ ပန်းတနော်၊ ကျောင်းကုန်း၊ ဟသ်ာတ၊ ညောင်တုန်းမြို့နယ်တို့မှ ကွမ်းရွက်များ အဓိကဝင်ရောက်လျက်ရှိသည်။ နေ့စဉ်ကွမ်းခြင်း အလုံး ၂၀၀ ဝန်းကျင် ရောင်းအားရှိနေသည်ဟုလည်း ကွမ်းကုန်သည်တစ်ဦးကပြောသည်။

အင်းစိန်မြို့နယ်ရှိ ရွှေညာသားကွမ်းယာဆိုင်မှာ တစ်နေ့လျှင် ကွမ်းရှစ်ပိဿာမှ ၁၀ ပိဿာဝန်းကျင် ရောင်းချနေရသည်ဟု ဆိုသည်။

ယနေ့ခေတ်ကာလတွင် ကွမ်းကို သက်ကြီးရွယ်အိုများသာမက လူငယ်များလည်း စားသုံးနေကြရာ ကွမ်းယာရောင်းချခြင်းသည် မိသားစုဘဝရပ်တည်ရေးအတွက် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သာမန်ကွမ်းယာဆိုင်တစ်ဆိုင်၏ ရောင်းအားမှာ ပျမ်းမျှသောင်းဂဏန်း၀န်းကျင်ရှိပြီး နာမည်ရကွမ်းယာဆိုင်များဆိုလျှင် ရောင်းအားသိန်းချီ၍ပင်ရှိကြောင်း သိရသည်။ ကွမ်းယာရောင်းခြင်းသည် အရင်းအနှီးနည်းနည်းဖြင့် အမြတ်များများရသည့် လုပ်ငန်းတစ်ခုလည်းဖြစ်၍ ရပ်ကွက်အတွင်းရှိလမ်းတိုင်းတွင် ကွမ်းယာဆိုင်များ လက်ညှိုးထိုးမလွဲဖြစ်လာသည်။

"ကျွန်မသားလေးကို ကွမ်းရောင်းပြီးတော့ ကျောင်းထားလာတာ အခုဆို GTC တောင် ပြီးသွားပြီ"ဟု အင်းစိန်မြို့နယ်တွင် ဆယ်စုနှစ်တစ်ခုကြာကွမ်းရောင်းချလာသူ မမိုးမိုးကပြောသည်။

ကွမ်းယာကို စွဲစွဲလမ်းလမ်းစားတတ်သူတစ်ယောက်၏ တစ်နေ့ကုန်ကျငွေမှာ ပျမ်းမျှ ကျပ် ၁၀၀၀ ဝန်းကျင်ရှိသည်ဟုလည်း ကွမ်းစားသုံးသူများကဆိုကြသည်။

"အရသာက ကောင်းလို့ရယ် မဟုတ်ဘူး။ စိတ်ခံစားမှုတစ်ခုအနေနဲ့ စားတာပါ။ အစားတစ်ခုခု စားပြီးတိုင်း ပါးစပ်ထဲကွမ်းလေးထည့်လိုက်ရရင် ကျေနပ်သွားတယ်။ ပြည့်စုံသွားသလိုလည်းခံစားရတယ်"ဟု သယ်နားကျွန်းမြို့နယ် (၇)ရပ်ကွက်နေ ကိုကျော်ဇင်မြင့်က ဆက်လက်ပြောပြသည်။

ငွေကြေးကုန်ကျမှုသာမက ကွမ်းကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် သွားနှင့်ပတ်သက်သည့် ရောဂါများ၊ ရေရှည်စားသုံးမည်ဆိုပါက လျှာကင်ဆာ၊ ပါးစပ်ကင်ဆာ၊ ပါးစောင်းကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ

များအပြင် ထုံးကြောင့် ဆီးလမ်းကြောင်းကျောက်တည်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်းတို့ ဖြစ်စေနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သိရသည်။

"ကွမ်းရဲ့သဘာဝကိုက လူကိုစွဲစေတယ်။ ကွမ်းစားဆေးတွေပါတာကြောင့်လည်း စွဲလမ်းပြီးဖြတ်ရခက်တော့တာပေါ့။ ကွမ်းစားတာ ကျန်းမာရေးအတွက်လည်း အကျိုးမရှိဘူး။ ကြည့်ရတာလည်းရုပ်ဆိုးတယ်။ ကွမ်းသွေးကို စနစ်တကျ မထွေးရင်လည်း ပတ်ဝန်းကျင်ကို ညစ်ပတ်စေတယ်"ဟု ဒေါက်တာစိုးထွန်းကပြောသည်။

ကျန်းမာရေးဆိုးကျိုးများသာမက စည်းကမ်းမဲ့ကွမ်းသွေးထွေးခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ထိခိုက်စေနိုင်သဖြင့် အစိုးရသစ်လက်ထက်တွင် ကွမ်းစားသုံးမှု လျှော့နည်းပယောက်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံတစ်ဝန်းလုံးရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ အဖွဲ့အစည်းများတွင် တာဝန်ချိန်အတွင်း ဝန်ထမ်းများ ကွမ်းစားသုံးမှုမရှိစေရေး၊ ဌာနဆိုင်ရာ အဆောက်အအုံနှင့် ပရဝဏ်အတွင်းတွင် ကွမ်းယာဆိုင်များမရှိစေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကွမ်းယာနှင့် ဆက်စပ်ပစ္စည်းရောင်းသူ ဗဟန်းမြို့နယ်နေ မဝင်းဝင်းလှိုင်က "ကွမ်းစားသုံးမှု လျှော့နည်းပယောက်ရေး ဆောင်ရွက်မယ်ဆိုတာက ကွမ်းယာဆိုင်တစ်ခုတည်းပယောက်အောင် ဆောင်ရွက်လို့မရပါဘူး။ မြန်မာတစ်နိုင်ငံလုံးက ကွမ်းစိုက်တောင်သူတွေ၊ ကွမ်းပွဲရုံတွေ၊ ကွမ်းယာရောင်းသူတွေရဲ့ ဘဝရပ်တည်ရေးအတွက်ကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။ အခြားအစားထိုးအလုပ်တွေ စဉ်းစားပေးမယ်လို့ဆိုတယ်။ တကယ်တော့မလွယ်ဘူး။ အခုတောင်အလုပ်အကိုင်ကရှား၊ စားဝတ်နေရေးခက်နေတာ"ဟုပြောသည်။

ကွမ်းစားသုံးခြင်း၏ အကျိုးဆက်အန္တရာယ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် စည်းရုံးပညာပေးခြင်းများ ဆောင်ရွက်ရန်လိုသလို ကွမ်းမစားရနယ်မြေ၊ ကွမ်းမရောင်းရနယ်မြေသတ်မှတ်ခြင်းများသာ ဆောင်ရွက်သင့်သည်ဟု ၎င်းက ဆက်လက်အကြံပြုသည်။

"ကွမ်းစားသုံးမှုကို လုံးဝပယောက်အောင်ကတော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ တဖြည်းဖြည်းတော့ လျှော့နည်းအောင်လုပ်လို့ရမယ်"ဟု ရန်ကုန်မြို့ရှိ ကွမ်းကုန်သည်တစ်ဦးဖြစ်သူ ဦးမောင်ဦးက ပြောသည်။

မန္တလေးမြို့တွင် ကွမ်းစားသုံးမှု လျှော့နည်းပယောက်ရေးလှုပ်ရှားမှုတစ်ခုအဖြစ် စည်းကမ်းမဲ့ ကွမ်းသွေးထွေးသူများပယောက်စေရန် ပြီးခဲ့သည့် မေ ၂၈ ရက်က စတင်ကာ ကွမ်းသွေးထွေးရန် ပလတ်စတစ်ဘူးများကို ဝမ်းတူဝမ်းပြည်သူ့ကူညီရေးအဖွဲ့များကလည်း လူစည်ကားသည့် နေရာများနှင့် ကွမ်းယာဆိုင်များတွင် ကွမ်းသွေးဘူးများကို လိုက်လံဝေဒေပေးခဲ့သည်။

ရန်ကုန်မြို့နေ ကိုတင်လှိုင်ထူးကတော့ "ကွမ်းစားတဲ့သူတွေရဲ့ ဒုက္ခကကွမ်းသွေးထွေးခြင်းပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း စည်းကမ်းမဲ့ကွမ်းသွေးထွေးဖြစ်တယ်ဆိုတာကို ဝန်ခံပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ကွမ်းယာစားသုံးမှု တွင်ကျယ်လာသည်နှင့်အမျှ လမ်းများ၊ ပလက်ဖောင်းများ၊ ရေမြောင်းများ၊ လှေကားခြောင်များ၊ သစ်ပင်၊ ပန်းပင်များအပါအဝင် နေရာအနှံ့အပြားတွင် ကွမ်းသွေးများကို ရုပ်ဆိုးအကျည်းတန်စွာ မြင်တွေ့နေရသည်။

မြန်မာနိုင်ငံတွင်သာမက မြန်မာအများစုသွားရောက်အလုပ်လုပ်ကိုင်နေသည့် စင်ကာပူ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံများတွင်လည်း စည်းကမ်းမဲ့ကွမ်းသွေးထွေးခြင်းများကြောင့် သက်ဆိုင်ရာနိုင်ငံများမှ အာဏာပိုင်များနှင့် ပြည်သူများ၏ ငြိုငြင်မှုများကိုလည်း ကြားသိနေရသည်။

မြန်မာရာဇဝင်သမိုင်းများအရ ကွမ်းစားသုံးသည့် ဓလေ့မှာယခင်ကတည်းကရှိခဲ့သည်။ ကွမ်း၊ ထုံး၊ ကွမ်းသီးများကို ကြေးကွန်းအစ်၊ ယွန်းကွမ်းအစ်များဖြင့် တခမ်းတနား တည်ခင်းဧည့်ခံလေ့ရှိသည်မှာ မြန်မာတို့၏ ရှေးရိုးအစဉ်အလာတစ်ခုလည်းဖြစ်ခဲ့သည်။

ရခိုင်ဘုရင်မင်းထီး (သက္ကရာဇ် ၆၄၁-၇၃၆)လက်ထက်တွင် မှူးမတ်တို့သည် ကွမ်းစားပြီးလျှင် နန်းတော်တိုင်ကို အမှတ်တမဲ့ ထုံးသုတ်လေ့ရှိကြသည်။ ဘုရင်ကထုံးသုတ်သူကိုတွေ့လျှင် သုတ်သည့်လက်ချောင်းကို ဖြတ်မည်ဟု အမိန့်ထုတ်ခဲ့သည်။ တစ်နေ့၌ ဘုရင်မင်းထီးသည် နန်းတော်တိုင်ကို ထုံးသုတ်ခဲ့မိသဖြင့် မှူးမတ်ပိုလ်ပါအများသူငါရှေ့တွင် မိမိလက်ညှိုးကို ကိုယ်တိုင်ဖြတ်ကာ စည်းကမ်းလိုက်နာခဲ့သည့် သာဓကများလည်းရှိခဲ့သည်။

တံတားဦးက ကွမ်းနု၀ါ၊ ငန်းမြာကဆေး ၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည်ရှား၊ သာဝါးလို့ထွေး စသဖြင့် ကွမ်းနှင့်ပတ်သက်၍ ချစ်မြတ်နိုးစရာ မြန်မာ့ဓလေ့ပေါ်လွင်အောင် ရေးဖွဲ့ထားသောကဗျာများ၊ ရာဇဝင်များနှင့်အတူ အရိုးစွဲလာခဲ့သည့် မြန်မာတို့၏ ကွမ်းစားသုံးမှုဓလေ့အား အမှန်တကယ်လျှော့နည်းပယောက်အောင် အားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ---။

❍ ရန်ကုန်မြို့မှ

ဇွန်လဆန်းမှစတင်ကာ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အွန်လိုင်းအပြည့်အဝသုံးစွဲသည့်စနစ် အသုံးပြုသွားမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံတွင် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာ၌ အွန်လိုင်းအပြည့်အဝသုံးစွဲသည့်စနစ်ကို ဇွန်လဆန်းမှ စတင်ကာ အသုံးပြုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှုများကို နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်နည်းတူ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို အွန်လိုင်းမှ လိုင်စင်လျှောက်ထားရယူခြင်းများကို ရုံးသို့လာရောက်ဆောင်ရွက်ရန်မလိုဘဲ အွန်လိုင်းအပြည့်အဝအသုံးပြုသည့်စနစ် Fulling Online Licencing System အသုံးပြု ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်များ ဆောင်ရွက်သွားမည့် အပေါ် ကြေးမုံသတင်းစာသို့ ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

"ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်တဲ့အခါမှာ ရုံးကိုလာစရာမလိုဘဲ မိမိကုမ္ပဏီရုံးခန်းကနေ အွန်လိုင်းက လျှောက်ထားနိုင်တဲ့အတွက် အချိန်နဲ့ ငွေကြေးကုန်ကျစရိတ် သက်သာသွားတဲ့အပြင် ကုန်သွယ်မှုလုပ်ငန်းတွေလည်း ပိုမိုမြန်ဆန်သွက်လက်လာမှာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကြေးမုံသတင်းစာသို့ ပြောကြားခဲ့သည်။

ယင်းသို့ အွန်လိုင်းအပြည့်အဝသုံးစွဲသည့်စနစ် အသုံးပြုဆောင်ရွက်ရာတွင် ငွေပေးချေခြင်း၊ ထောက်ခံချက်စစ်ဆေးခြင်းနှင့် အချက်အလက်လုံခြုံမှုစနစ်များကို ထည့်သွင်းဆောင်ရွက်ထားသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် အွန်လိုင်းအပြည့်အဝသုံးစွဲသည့်စနစ် အသုံးပြုခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများမှာ Single Window စနစ်သို့ ချိတ်ဆက်အသုံးပြုရာတွင် အထောက်အကူဖြစ်စေခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စေခြင်း၊ Paperless စနစ် ကျင့်သုံးနိုင်ခြင်း၊ e-government စနစ်အား လိုက်ပါအကောင်အထည်ဖော်နိုင်ခြင်း၊ လုပ်ငန်းရှင်နှင့် ဝန်ထမ်းများ ထိတွေ့မှုကို လျှော့ချနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုပိုမိုရရှိခြင်းနှင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများအား လျှော့ချနိုင်ခြင်းတို့ကို ရရှိနိုင်မည်ဖြစ်သည်။

ယင်းစနစ်တွင် ထောက်ခံချက်ရယူရန် မလိုအပ်သော ကုန်ပစ္စည်းအုပ်စုများနှင့် CMP အထည်ချုပ်လုပ်ငန်းများအတွက် အွန်လိုင်းစနစ်လျှောက်ထားမှုကို လက်ရှိရက် ၁၀၀ စီမံချက်အတွင်း ဦးစွာ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်အလိုက် ကုန်ပစ္စည်းအမယ်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

(ဆုနှင်းလဲ့)

(ရဲဝင်း)

မျိုးစိတ်တစ်ခု မျိုးသုဉ်းသွားသည့်အခါ

သစ်ပင်ချစ်(Env Eng)

ကမ္ဘာမြေပေါ်တွင် သက်ရှိများအသက်ရှင်နိုင်ခြင်းသည် လူသားနှင့် သဘာဝတရားတို့၏ ဟန်ချက်ညီညီဖြစ်တည်ခြင်းကြောင့်ဖြစ်ပေသည်။ သဘာဝတရားနှင့် လူသားတို့ကြားတွင် ဟန်ချက်မညီ တိမ်းစောင်းသွားသည့် အခိုက်အတန့်သည် ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရသည့် မိုးခေါင်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ အပူချိန်မြင့်တက်လွန်ကဲခြင်း၊ အအေးချိန်မြင့်တက်လွန်ကဲခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကို မလွဲမသွေကြုံတွေ့ခံစားရပေမည်။

ထိုသို့ဟန်ချက်ပျက်ပြားစေသည့် အကြောင်းရင်းများစွာထဲမှ တစ်ခုတည်းသော အကြောင်းအရင်းသည် ဂေဟစနစ်၏ လုပ်ဆောင်ချက်များကို ဖျက်ဆီးခြင်း၊ ပျက်စီးအောင်လုပ်ဆောင်ခြင်း၏ အကျိုးဆက်သည် တစ်ခုအပါဝင်ဖြစ်သည်။ အထူးသဖြင့် သစ်တောများ ပြုန်းတီးအောင်လုပ်ဆောင်ခြင်း၊ တောတွင်းတိရစ္ဆာန်နှင့် သားငါးများကို အလွန်အကျွံဖမ်းဆီးဖော်ဆောင်နေခြင်း၊ စနစ်မကျသည့် ရေဆိုးများ စွန့်ပစ်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း စသည့် လုပ်ဆောင်ချက်များ၏ရလဒ်ကြောင့် ပတ်ဝန်းကျင်ဂေဟစနစ်တစ်ခုလုံးကို ဟန်ချက်ပျက်စေနိုင်သလို နောင်လာမည့်မျိုးဆက်များအတွက်ပါ အခက်အခဲများကို ရင်ဆိုင်ရနိုင်ပေသည်။

ပတ်ဝန်းကျင်ဟူသည်

ပတ်ဝန်းကျင်ဟူသောအရာသည် မည်သို့သောအရာဖြစ်သည်ကို ပညာရှင်များက ဖွင့်ဆိုချက်အမျိုးမျိုး များစွာဖွင့်ဆိုကြသော်လည်း ဖွင့်ဆိုချက်တိုင်းသည် ဆင်တူကြပေသည်။

အချုပ်ဆိုရသော် ပတ်ဝန်းကျင်ဟုဆိုရာတွင် သက်ရှိသက်မဲ့တို့၏ လုပ်ဆောင်ချက်များသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအပေါ်လွှမ်းမိုးခြင်းနှင့် အပြန်အလှန်လုပ်ဆောင်ချက်များပါဝင်ပေသည်။ သက်ရှိရင်းမြစ်များတွင် သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်များနှင့် အဏုဇီဝပိုးများပါဝင်သည်။ သက်မဲ့ရင်းမြစ်တွင် နှစ်ပိုင်းခွဲခြမ်းနိုင်ပေသည်။ ပထမအပိုင်းသည် ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများဖြစ်သည့် ရေ၊ လေ၊ မြေနှင့် စွမ်းအင်တို့ဖြစ်ပြီး ဒုတိယအပိုင်းတွင် သမိုင်းဆိုင်ရာ အဆောက်အအုံ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံ၊ အနုသုခုမတို့ပါဝင်ပေသည်။

ညစ်ညမ်းခြင်းဟူသည်

ပတ်ဝန်းကျင်သည် ကမ္ဘာမြေပေါ်နေထိုင်သော လူသားများဖန်တီးလုပ်ဆောင်သည့် ညစ်ညမ်းခြင်း၊ ဖျက်ဆီးခြင်းများ၏ရလဒ်ကြောင့် ဟန်ချက်ညီသော ဂေဟစနစ်နှင့် ပတ်ဝန်းကျင်သည် ယိုယွင်းပျက်စီးလာသည်။

ညစ်ညမ်းခြင်းသည် ကနဦးထိခိုက်ပျက်စီးခြင်းကို ဖြစ်စေသည်။ ထိခိုက်ပျက်စီးခြင်းတွင် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိခြင်းသာမက လူတစ်ယောက်၏ အာရုံခံအစိတ်အပိုင်းတစ်ခုသော်လည်းကောင်း ပိုင်ဆိုင်မှုတစ်စုံတစ်ခုအပေါ် ထိခိုက်ပျက်စီးပါက အကျိုးဝင်သည်။ ထို့ကြောင့် အနုညစ်ညမ်းခြင်း၊ အသံညစ်ညမ်းခြင်းများသည် လူတစ်ယောက်၏ အာရုံခံအစိတ်အပိုင်းများကို ထိခိုက်ပျက်စီးစေသည်။ သက်ရှိများအပေါ် ထိခိုက်ပျက်စီးခြင်းတွင် ၎င်းတို့၏ ကျန်းမာရေး သို့မဟုတ် ဂေဟစနစ်၏ ဟန်ချက်ကို ပျက်စီးခြင်းတို့ပါဝင်ပေသည်။

ထိုသို့ညစ်ညမ်းလာသည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများ လိုအပ်လာပေသည်။ ၁၉စဉ်နှစ်တွင် အိန္ဒိယနိုင်ငံ ဘိုဖဲ့ဖ်ဖြစ်ပွားခဲ့သည့် အဆိပ်သင့်ဓာတ်ငွေ့ဖြစ်ပွားခြင်း၊ ၁၉၇၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ love တူးမြောင်းရှိ မြေထုညစ်ညမ်းခြင်း၊ ၁၉၈၆ ခုနှစ်တွင် ချာနိုဘိုင်ကပ်ဘေးတို့သည် မျိုးစိတ်တစ်ခုကို ပျက်စီးစေကာ အခြားအခြားသော မျိုးစိတ်များကိုပါ ထိခိုက်ပျက်စီး မျိုးသုဉ်းစေသည့် ရလဒ်များသည် ညစ်ညမ်းခြင်း၏ အကျိုးဆက်များပင်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီမံခန့်ခွဲမှု

ပတ်ဝန်းကျင်ဂေဟစနစ် ယိုယွင်းပျက်စီးခြင်းသည် ဆင်းရဲမွဲတေခြင်း၊ မမှန်မကန်ဆုံးဖြတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိခြင်းတို့နှင့် ဆက်နွယ်နေသည်။ ထို့အတူ နိုင်ငံတော်နှင့် တစ်ဦးချင်းစီ၏ ကာလတိုစီးပွားရေးလုပ်ဆောင်ချက်များကြောင့် စီးပွားရေးအကျိုးအမြတ်များစွာ ရရှိသော်လည်း တစ်ဖက်တွင် ပတ်ဝန်းကျင်ဂေဟစနစ် ယိုယွင်းပျက်စီးခြင်းနှင့် ကြုံတွေ့ရသည်။

ကုလသမဂ္ဂ၏ ပတ်ဝန်းကျင်နှင့် တိုးတက်ခြင်းကွန်ဖရင့် (UNCED)မှ စဉ်ဆက်မပြတ်တိုးတက်ခြင်း (Sustainable Development)ကို သင့်တော်သည့် နည်းဥပဒေများပြဋ္ဌာန်းလိုက်သည့်အတွက်ကြောင့် ယနေ့ကမ္ဘာတွင် နိုင်ငံအများအပြားက လက်ခံကျင့်သုံးလာကြသည်။ ထို့အတူ ၁၉၇၂ ခုနှစ် ဇွန် ၅ ရက်မှ ၁၆ ရက်ထိ ကျင်းပသည့် စတော့ဟိုးကြေညာစာတမ်း (Stockholm Declaration)မှ ၂၆ ခု အနက်(မှ-၂ မှ ၅)၏ ဖော်ပြချက်တွင် ကမ္ဘာမြေ၏ သယံဇာတများကို မျက်မှောက် လူသားများနှင့် နောင်မျိုးဆက်များအတွက် စောင့်ရှောက်ရမည်ဖြစ်ကာ ပြည့်ဖြိုးမြဲစွမ်းအင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်နေရာချထားရေးနှင့် တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ကာ ကုန်ခန်းခြင်း အလျဉ်းမရှိ လုပ်ဆောင်ရမည်ဟုဖော်ပြထားသည်။ ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)သည် ယင်းကြေညာစာတမ်းပြီးနောက်ပေါ်ထွက်လာခဲ့သည်။

ကမ္ဘာမြေ၏ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ခြင်း

ကမ္ဘာမြေ၏ဂေဟစနစ် ထိန်းသိမ်းကာကွယ်ခြင်းကို လုပ်ဆောင်နိုင်ရန်အတွက် အဓိကလက်သည်များကို ရှာဖွေနိုင်မှသာ ကာကွယ်ထိန်းသိမ်းနိုင်ပေမည်။ ဖြစ်စဉ်တစ်ခုသည် အခြားဖြစ်စဉ်တစ်ခုကို ထပ်မံဖြစ်စေနိုင်သည့်အတွက်ကြောင့် ရင်းမြစ်ကို ရှာဖွေကာ ထိုရင်းမြစ်ကို ထိန်းချုပ်ခြင်းအားဖြင့် အခြားဆင့်ကဲဖြစ်စဉ်များကို ထိန်းချုပ်နိုင်ပေမည်။ ဥပမာ သစ်တောများ အလွန်အကျွံခုတ်ထွင်ခြင်းရလဒ်သည် ဆင့်ကဲဖြစ်စဉ်များစွာနှင့် ဂေဟစနစ်ကို ဟန်ချက်ပျက်စေကာ ညစ်ညမ်းခြင်းကို ဦးတည်ဖြစ်စေနိုင်သည်။ အထူးသဖြင့် သစ်တောများ အပြောင်ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် စက်ရုံများ၊ မော်တော်ယာဉ်များမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချနိုင်ခြင်းမရှိကာ ယင်းကာဗွန်ဒိုင်အောက်ဆိုက်

သည် နေမှအပူကိုစုပ်ယူကာ ပြန်လည်ထုတ်လွှတ်သည့်အတွက် ဖန်လုံအာနိသင်ကိုဖြစ်စေခြင်းနှင့် ကမ္ဘာမြေပူနွေးလာခြင်း (Global Warming)တို့ကြောင့် ရာသီဥတုဖောက်ပြန်ခြင်း (Climate Change)တို့ကိုဖြစ်စေကာ အပူချိန်ကိုမြင့်မားစေနိုင်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် သက်ရှိသက်မဲ့များစွာ သေကျေပျက်စီးရပေသည်။ ထိုသို့ ဆိုးရွားစွာ ထိခိုက်ပျက်စီးခြင်း မဖြစ်စေရန်အတွက် ထိန်းချုပ်ရာတွင် နိုင်ငံအတွင်းပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့် စံစနစ်များသည် တိကျခိုင်မာစေရန် လိုအပ်ပေသည်။

ထို့အတူ သစ်ပင်မရှိခြင်း၏ရလဒ်သည် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်းမရှိတာ မြေဆီလွှာပြုန်းတီးခြင်းနှင့် မိုးရာသီတွင် မိုးရေလက်ခံမြစ်ချောင်းအတွင်း နိုက်ဒရိုဂျင်နှင့် ဖော့စဖရက်ပါဝင်မှုမြင့်မားစေကာ အယ်ဂျေးများကို ရှင်သန်ကြီးထွားစေသည့်အတွက်ကြောင့် ရေတွင်းအောက်ဆီဂျင်ပါဝင်မှု လျော့နည်းလာစေကာ ရေနေသတ္တဝါများကို သေကျေပျက်စီးစေရပါသည်။

ယနေ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူ့စွမ်းအားရင်းမြစ်မရှိသည့်အတွက်ကြောင့် သဘာဝသယံဇာတများအပေါ်တွင် များစွာမှီခိုကာ လုပ်ဆောင်နေသည်။ ထို့ကြောင့် မိမိနိုင်ငံ၏ ကိုယ်ပိုင်ထုတ်ကုန်တစ်မျိုးကို ထုတ်လုပ်ခြင်းအားဖြင့် လူ့စွမ်းအားရင်းမြစ်တစ်ရပ်ပေါ်ထွက်လာကာ သဘာဝသယံဇာတအပေါ်တွင် မှီခိုမှု လျော့နည်းလာအောင် လုပ်ဆောင်ရပေမည်။

ထို့အတူ နိုင်ငံဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင်မရှိခြင်းနှင့်အတူ လူ့စွမ်းအားရင်းမြစ်မရှိသည့် အစိုးရ၏ အလွယ်တကူရရှိနိုင်သည့် သဘာဝသယံဇာတရင်းမြစ်များဖြင့် ကာလတို စားဝတ်နေရေးကို ဖြေရှင်းနေသည့် အရာသည် သစ်တောပြုန်းတီးခြင်း၊ ရှားပါးသားရဲတိရစ္ဆာန်များ မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်ပြန်ပါသည်။ အကယ်၍ သယံဇာတပစ္စည်းများ အပေါ်တွင် အမှီပြုကာ လုပ်ဆောင်နေပါက နိုင်ငံသည် သယံဇာတပစ္စည်းများ ကုန်ခန်းပြီးသည့် နောက်ပိုင်းတွင် အမှိုက်ပုံသာသာ ဖြစ်တည်နေမည့်အတွက်ကြောင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် မိမိတို့နိုင်ငံ၏ အနာဂတ်ခရီးကို ဆက်လက်ရှင်သန်စေခြင်းဖြစ်သည်ကို ပြည်သူများထံအသိပညာပေးရန် လိုအပ်လာပေသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ဗဟုသုတ၊ အကြားအမြင် တိုးပွားစေမည့် အခမ်းအနားတို့တွင် နိုင်ငံသားများ ပါဝင်လာအောင် စည်းရုံးဟောပြောဖို့လိုပြန်ပါသည်။ ထို့အတူ နိုင်ငံသားများအနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာအရပ်ရပ်တွင် တတ်မြောက်သိရှိ၍ ပညာရှင်များပေါ်ထွက်လာခြင်းကို အခြေပြုကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်မူဝါဒနှင့် နည်းပညာများကို နိုင်ငံသားများ နားလည်သဘောပေါက်လာလိမ့်မည်။ ထိုအရာသည် ပွင့်လင်းမြင်သာမှုရှိသော အစိုးရနှင့် နိုင်ငံသားများအကြားစေ့စပ်ပေးသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအခန်းကဏ္ဍတွင် ရိုးသားခြင်းကိုအခြေခံကာ မိမိတို့၏ လုပ်ဆောင်ချက်များကို အပြည့်အဝ တာဝန်သိမှု၊ တာဝန်ယူတတ်ရန် လိုအပ်ပေပြန်သည်။ နိုင်ငံတကာ၏ ပါဝင်မှုအပိုင်းတွင်လည်း လိုအပ်သည့် နည်းပညာနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခြင်းတွင် အကြံပြုဆောင်ရွက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကို လျှော့ချနိုင်ပေမည်။

ကမ္ဘာမြေသည် လူသားများအားလုံးအတွက် ကျေနပ်သည့် အတိုင်းအတာထိ လိုအပ်သည်များဖြည့်ဆည်းပေးနေသော်လည်း လူသားတို့၏ အတောမသတ်နိုင်သည့် လောဘကို လိုက်လျောနိုင်စွမ်းမရှိသည့်အတွက်ကြောင့် လိုအပ်သည့်ပမာဏအတိုင်း စနစ်တကျစီမံခန့်ခွဲကာ အသုံးပြုနိုင်မှသာ ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "တို့ကမ္ဘာမြေဂေဟစနစ် ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့"ဆိုသည့် ဆောင်ပုဒ်ကို ရှုပ်လုံးပေါ်ကာ အကောင်ထည်ဖော်ဆောင်နိုင်ရန်အတွက် အားလုံးတွင်တာဝန်ကိုယ်စီရှိနေသည်ဟု ရေးသားလိုက်ရပါသည်။ ။



ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ယာယီအမိုးထိုးပေးရမယ့် အာဇာနည်နေ့အခမ်းအနား

တင်မောင်အေး

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလမှာ အလုပ်တာဝန်အရ အာဇာနည်နေ့အခမ်းအနားများကို နှစ်တိုင်းနီးပါး ကျွန်တော်တက်ရောက်ခဲ့ရပါတယ်။ အာဇာနည်နေ့ဖြစ်တဲ့ ဇူလိုင်လဟာ မိုးဖြိုင်ဖြိုင်ရွာတဲ့ မိုးတွင်းမို့ မိုးလွတ်တဲ့ အာဇာနည်နေ့အခမ်းအနားမရှိသလောက်ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့အာဇာနည်ဗိမာန်ကတော့ ပုံစံထုတ်ဆောက်လုပ်ထားတာ ရာသီဥတုအခြေအနေနဲ့ ဖီလာဖြစ်နေပါတယ်။

အာဇာနည်ဗိမာန်အုတ်ဂူများရှိရာ အဆောက်အအုံကိုတက်ဖို့ ကားပေါ်ကဆင်းကတည်းက မိုးရွာနေရင် အဆင်မပြေလှတော့ပါဘူး။ တစ်ခါ ကျောက်ပြားပေါ် ခြေချော်မသွားအောင်ကိုလည်း ဂရုစိုက်လမ်းလျှောက်ကြရပါတယ်။ ထိုင်ကန်တော့ကြတဲ့ အာဇာနည်မိသားစုဝင်များ(အခုဆို အားလုံး အဘိုးကြီး အဘွားကြီးတွေဖြစ်နေကြပါပြီ)ဆိုလည်း ရေရှိရင်လည်း ရေစပ်စပ်ထဲပဲထိုင်ကြရတော့တယ်။ ယူနီဖောင်းတွေနဲ့ တာဝန်ကျတဲ့ အရာရှိကြီး၊ ငယ်များလည်း မတင့်မတယ် ထီးတွေကိုင်ထားကြရတယ်။ ဓာတ်ပုံသမား၊ ရုပ်သံသမားတွေလည်း ထီးမိုးရိုက်ကြရ၊ ဘယ်သူမှ အဆင်မပြေပါဘူး။

အခု ဇွန်လ ရောက်လာပြီမို့ အာဇာနည်နေ့ရောက်ဖို့ တစ်လပဲလိုပါတော့တယ်။ ဒါပေမယ့် ပရိသတ်အားလုံး အဆင်ပြေမယ့် ပေါ့ပေါ့ပါးပါး အမိုးတစ်ခုခုလုပ်မယ်ဆိုရင်တော့ အချိန်မီလောက်ပါသေးတယ်။ ဒီနှစ်အခမ်းအနားမှာ ပေါ့ပါးသပ်ရပ်မိုးရေကာပေးမယ့် အမိုးတစ်ခုခု ယာယီဆောက်ပေးထားမယ်ဆိုရင်တော့ အာဇာနည်မိသားစုများ၊ သတင်းသမားများရော၊ တာဝန်အရလာရောက်ကြသူများ၊ သံတမန်များကအစ လာရောက်ဂါရဝပြုသူအားလုံး အဆင်ပြေကြပါလိမ့်မယ်။

အာဇာနည်ဗိမာန်မှာ အခုလို ယာယီအမိုးလုပ်တာ အောင်မြင်သွားရင် အနီးအနားမှာပဲရှိတဲ့ ရွှေတိဂုံစေတီတော်ကြီးရင်ပြင်တော်မှာလည်း ဘုရားဖူးတွေ မိုးလုံလေလုံပတ်လျှောက်လို့ရတဲ့ ယာယီအမိုးကို အတုယူပြီး လုပ်ပေးသင့်တယ်ထင်ပါတယ်။ ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှာ ဘုရားဖူးရင်း ချော်လဲလို့တင်ပဆုံရိုးကျိုးသွားတဲ့အဖြစ်မျိုးလည်း နည်းသွားပါလိမ့်မယ်။

အာဇာနည်နေ့ဖြစ်တဲ့ ဇူလိုင်လဟာ မိုးဖြိုင်ဖြိုင်ရွာတဲ့ မိုးတွင်းမို့ မိုးလွတ်တဲ့ အာဇာနည်နေ့အခမ်းအနားမရှိသလောက်ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့အာဇာနည်ဗိမာန်ကတော့ ပုံစံထုတ်ဆောက်လုပ်ထားတာ ရာသီဥတုအခြေအနေနဲ့ ဖီလာဖြစ်နေပါတယ်။

အလားတူပဲ ဗိုလ်တထောင်စေတီရင်ပြင်တော်မှာလည်း ယာယီအမိုးထားသင့်ပါတယ်။ နေပူပြင်းချိန်၊ မိုးရွာနေချိန်များမှာ ယာယီအမိုးကို မိုးပေးထားမယ်ဆိုရင် ဘုရားဖူးများ အလွန်ကို သက်သောင့်သက်သာရှိကြမှာပါ။ ဘုရားများကိုလည်း စိတ်အေးချမ်းသာဖူးနိုင်ကြမှာပါ။ ။

အခြေခံပညာအဆင့် စာစီစာကုံးနှင့် ခဲပန်းချီပြိုင်ပွဲကျင်းပမည်

ရွှေဘို ဇွန် ၄

ဒေါ်အောင်ဆန်းစုကြည်မွေးနေ့(ဇွန် ၁၉) အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းအဆင့် စာစီစာကုံးနှင့် ခဲပန်းချီပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

အဆိုပါ စာစီစာကုံးနှင့် ခဲပန်းချီပြိုင်ပွဲ၌ အထက်တန်း၊ အလယ်တန်းအဆင့်တွင် တစ်ကျောင်းလျှင် ကျောင်းသား ကျောင်းသူ တစ်ဦးနှုန်းဖြင့် မြို့နယ်အဆင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး မူလတန်းအဆင့်တွင် တစ်ကျောင်းလျှင် ကျောင်းသား ကျောင်းသူ တစ်ဦးနှုန်း (ခဲပန်းချီ) မြို့နယ်အဆင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။

ဇွန် ၁၉ ရက်တွင် ရေဦးမြို့ အထက(၁)၌ စာစီစာကုံးနှင့် ခဲပန်းချီ မြို့နယ်အဆင့်ဆုရသူ(ပထမ၊ ဒုတိယ၊ တတိယ)များ ဆုပေးပွဲနှင့် ဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ရောင်နီတင်ဝင်း)

မော်ကွန်းမှတ်တမ်းများသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်

နေပြည်တော် ဇွန် ၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ရာဇသင်္ဘာလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီးရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနအတွင်း မော်ကွန်းပြခန်း၊ မော်ကွန်း/မှတ်တမ်း သိမ်းဆည်းခန်းများ၊ သုတေသီစာဖတ်ခန်း၊ ဝန်ထမ်းရုံးခန်းများနှင့် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန် သင်တန်းဌာန၏ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မော်ကွန်းမှတ်တမ်းများသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အတွက် မြှင့်မြင်းကိုးကားနိုင်မည့် အဖိုးတန်အထောက်အထားများကို ထိန်းသိမ်းထားသည့်ဌာနဖြစ်၍ နိုင်ငံတော်အတွက် အရေးပါသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ မော်ကွန်းမှတ်တမ်းများ ထိန်းသိမ်းသည့် နည်းပညာ၊ ကျွမ်းကျင်မှုများ ခါးဆက်မပြတ် လက်ဆင့်ကမ်းနိုင်ရန် ဦးစားပေးလေ့ကျင့်ပျိုးထောင်စေလိုကြောင်း၊ ဌာန၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်၍ အချိန်မီတင်ပြပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် (နေပြည်တော်)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပတ်ဝန်းကျင်နှင့်အညီ မိမိတို့၏လုပ်ငန်းများကို အရည်အချင်းပြည့်ဝစွာ စီမံခန့်ခွဲနိုင်ပြီး ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ကြိုးစားလေ့လာသင်ယူကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နယ်စပ်တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ပင်လည်ဘူးခ၌ဖွင့်

ပင်လည်ဘူး ဇွန် ၄။ ။ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် တိုင်းရင်းသားလူမျိုးစု ကဒူး၊ ကနန်း၊ ရှမ်း၊ ဗမာ တိုင်းရင်းသားများပေါင်းစုံနေထိုင်လျက်ရှိကြရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်ပွဲကို ဇွန် ၃ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစိုးဝင်းက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကျောင်းတွင် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ရွှေလင်းပြည့်စုံ)

ဒေသကနေတင်ပြလိုက်တဲ့ အချက်အလက်တွေပေါ် အရေးတယူလုပ် ဆောင်ရွက်ပေးလိမ့်မယ်လို့ မျှော်လင့်

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၏ လိုလားချက်၊ မျှော်လင့်ချက်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်-

ဦးတင်လေး

ဦးထွန်းရွှေ

ဦးထွန်းသန့်ကျော်

ဦးဝင်းအေး

ဦးစောလွင်

ဦးတင်လေး

သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ

အစိုးရအဖွဲ့ တာဝန်ရှိသူတွေအနေနဲ့ သံတွဲမြို့ကိုလာပြီးတော့ လိုအပ်တာတွေ ဖြည့်ဆည်းပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲဝမ်းသာပါတယ်။ ကျွန်တော်ကတော့ စည်ပင်နဲ့ပတ်သက်ပြီးတော့ လမ်းလေးခုလောက်ပြင်ဖို့ အစီအစဉ်လုပ်ထားပါတယ်။ သံတွဲက သဘာဝဘေးအန္တရာယ်တွေ၊ ရေဘေးတွေက နှစ်စဉ်နှစ်တိုင်းရှိတယ်။ အဲဒီတော့ ဒီမှာရှိတဲ့ ကတ္တရာလမ်းက ရေတိုက်စားရင် တစ်နှစ်တစ်ခါပြန်ပါသွားတယ်။ အခုကျွန်တော့်အနေနဲ့ ကွန်ကရစ်လမ်းလေးခုကို တည်ဆောက်ပေးဖို့အတွက် တင်ပြဖို့ အစီအစဉ်ရှိပါတယ်။ ကွန်ကရစ်လမ်းကတော့ ရေကြီးပေမယ့် အနည်းဆုံး လေးငါးနှစ်လောက်တော့ ခံပါတယ်။

ဦးထွန်းရွှေ

ဝွမ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ

ကျွန်တော်ကတော့ ကျန်းမာရေးကိစ္စကိုတင်ပြဖို့ အဓိကထားပါတယ်။ ကျွန်တော်တို့ ဝွမ်မြို့မှာ ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံရှိပါတယ်။ ဒါပေမယ့် ဆရာဝန်က နှစ်ဦးပဲရှိတယ်။ အဲဒါကြောင့် လိုအပ်တဲ့ဆရာဝန်တွေကို တိုးချဲ့ပြီး ခန့်ထားပေးဖို့အတွက် တင်ပြဖို့ စီစဉ်ထားပါတယ်။ နောက်တစ်ခုကလည်း ကျေးလက်ကျန်းမာရေးဌာနတွေမှာ မြေရှိပြီးတော့ အဆောက်အအုံမရှိတာတွေ ရှိပါတယ်။ အဲဒါကြောင့် ကျေးလက်ကျန်းမာရေးဌာနတွေမှာ လိုအပ်တဲ့ အဆောက်အအုံတွေကို ဆောက်လုပ်ပေးနိုင်ဖို့ တင်ပြဖို့တစ်ချက်ပါပါတယ်။ ဒါကတော့ အထောက်အကူဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရော၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ရော ဒေသရဲ့ ဖွံ့ဖြိုးရေး အခြေအနေ လိုအပ်ချက်တွေကို လာပြီးတော့ ဖြည့်ဆည်းပေးမယ့် အနေအထားဖြစ်ပါတယ်။ အဲဒါကြောင့် ဒေသကနေတင်ပြလိုက်တဲ့ အချက်အလက်တွေပေါ်မှာလည်း အရေးတယူလုပ်ပြီးတော့ ဆောင်ရွက်ပေးလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

ဦးထွန်းသန့်ကျော်

မြို့မိမြို့ဖ၊ သံတွဲမြို့

ဒေသခံတွေရဲ့ အခက်အခဲတွေကို တင်ပြခွင့်ရတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ အများကြီးဝမ်းသာပီတိဖြစ်မိပါတယ်။ မှတ်ပုံတင်မရှိတဲ့ သူတွေကို စနစ်တကျစစ်ဆေးစေချင်တယ်။ နောက်တစ်ချက်ကတော့ ၁၉၈၂ နိုင်ငံသားဥပဒေကို အကောင်အထည်ဖော်မယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လည်း အတိအလင်းပြောကြားတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေ အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ အမြန်ဆုံးလည်း အကောင်အထည်ဖော်စေချင်ပါတယ်။

ဦးဝင်းအေး

သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဖွဲ့စည်းတဲ့အဖွဲ့ကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ အစိုးရနဲ့ ပူးပေါင်းပြီးတော့လည်း ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် အထောက်အကူပေးသွားမယ်လို့လည်း ကတိပြုပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ ကျောင်းနှစ်ကျောင်းရဲ့ကိစ္စကို တင်ပြဖို့ရှိပါတယ်။ ကျောင်းကတော့ အထက(၃)ကျောင်းတစ်ကျောင်းကို အထကကျောင်းအဖြစ်တိုးမြှင့်ဖို့၊ ကျောင်းသား၊ စာသင်ခန်း အခက်အခဲဖြစ်နေတဲ့ ကျောင်းတစ်ကျောင်းကို စာသင်ဆောင်တိုးချဲ့ဖို့ တင်ပြသွားမယ့် အစီအစဉ်ရှိပါတယ်။ နောက်အရေးကြီးဆုံး အချက်ကတော့ ကျွန်တော်တို့သံတွဲမှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ် ကြုံနေရပါတယ်။ အဲဒါ သံတွဲချောင်းရဲ့ တိမ်ကောလာမှုနဲ့ သံတွဲမြို့ကို ရစ်ပတ်ကွေ့ကောက်စီးဆင်းနေတဲ့ ချောင်းရဲ့ အနေအထားပေါ်မှာ ချောင်းဖြောင့်ဖြောင်းတစ်ခုကိုတူးပေးဖို့ အရင်အစိုးရလက်ထက်ကလည်း တင်ပြခဲ့ဖူးပါတယ်။ အခုအစိုးရကိုလည်း ကျွန်တော်တို့ တင်ပြပြီးတော့ ဒီချောင်းဖြောင့် ဖောက်လိုက်ရင် သံတွဲမြို့ရဲ့ နှစ်စဉ်ရေကြီးရေလျှံမှုကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ဒါကို တင်ပြဖို့စီစဉ်ထားပါတယ်။

ဦးစောလွင်

ငပလီမြို့

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ

ငပလီကမ်းခြေဟာ ၂၀၁၅ ခုနှစ်စစ်တမ်းကောက်ယူလိုက်တဲ့အခါမှာ အရှေ့တောင်အာရှမှာ အဆင့်(၁)၊ ကမ္ဘာမှာ အဆင့်(၈) သတ်မှတ်ခံရတဲ့ သဘာဝကမ်းခြေတစ်ခု ဖြစ်တာကြောင့် ငပလီကမ်းခြေဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နံပါတ်(၁) အနေနဲ့ ငပလီကမ်းခြေဒေသမှာ နိုင်ငံခြားသားတွေနဲ့ ပြည်သူ့ပြည်သားတွေ လာရောက်တဲ့အခါ လွတ်လပ်စွာအပန်းဖြေနိုင်ဖို့အတွက် အပန်းဖြေနေရာတစ်ခု တည်ဆောက်နိုင်ဖို့အတွက် တင်ပြမှာဖြစ်ပါတယ်။

(သတင်းစဉ်)

■

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ အလိုမရှိကြောင်း မြစ်ကြီးနားမြို့၌ ဒေသခံတချို့ ဆန္ဒထုတ်ဖော်မှုပြုလုပ်

မြစ်ကြီးနား ဇွန် ၄

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ အလိုမရှိကြောင်း ယနေ့နံနက် ၈ နာရီခန့် တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန် ခေတ္တတည်းခိုနေထိုင်သည့် မြစ်ကြီးနားမြို့ရှိ Palm Spring Resort ရှေ့တွင် ဒေသခံအင်အား ၄၀ ခန့်က ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ကြသည်။

"အခုဆည်ဆောက်မယ့်နေရာက စစ်ကိုင်းဝေါ့ကြောနဲ့ အရမ်းနီးတယ်။ အဲဒီနေရာက ဆည်တည်ဆောက်လို့မရတဲ့မြေဖြစ်တယ်ဆိုတာကိုလည်း မြေကြီးပညာရှင်တွေ စစ်ဆေးပြီးပြီ။ အဲဒါကိုလည်း သူတို့က လုံးဝလက်မလျှော့ဘဲ ဆက်ဆောက်တဲ့အတွက် ကျွန်တော်တို့ ကကန့်ကွက်တာပါ။ နောက်ပြီး ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒလည်းမပါပါဘူး။ ကျွန်တော်တို့က ဘာပဲပြောပြော ဒါဟာ ပြည်သူရဲ့ဆန္ဒကို ထုတ်ဖော်တဲ့သဘောပါပဲ။ ကျွန်တော်တို့အနေနဲ့ အလိုမရှိပါဘူး။ တခြားနေရာမှာ ဆောက်ချင်ဆောက်ပါ။ ဒီနေရာမှာ ဆည်ဆောက်တာကိုတော့ လက်မခံပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ကန့်ကွက်တာပါ"ဟု ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သူ ဒေသခံ ဦးဇော်နောင်က ပြောသည်။

တရုတ်သံအမတ်ကြီး၏ ပထမဆုံးအကြိမ်အဖြစ် ဇွန် ၂ ရက်က စတင်သွားရောက်ခဲ့သည့် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုဆိုင်ရာ လေ့လာရေးခရီးစဉ်အတွင်း ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပါတီတချို့နှင့် တွေ့ဆုံခဲ့ပြီးနောက် ယင်းကဲ့သို့ ဆန္ဒထုတ်ဖော်မှုနှင့်ကြုံရခြင်းဖြစ်သည်။

ဆန္ဒထုတ်ဖော်သူများသည် အဆိုပါစီမံကိန်းအား အလိုမရှိကြောင်း ရေးသားထားသည့် နဖူးစည်းများကို စည်း၍ မြစ်ဆုံဆည်တည်ဆောက်မှုကို ကန့်ကွက်ခြင်း၊ အပြီးတိုင်ဖျက်သိမ်းပေးရန်နှင့် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် SPIC (ယခင် CPI) ကုမ္ပဏီကို အလိုမရှိကြောင်း ကန့်ကွက်သည့် အဓိပ္ပာယ်ပါဝင်သော စာသားများပါရှိသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်မှုများပြုလုပ်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ ဆန္ဒထုတ်ဖော်နေစဉ် ၁၅ မိနစ်ခန့် အကြာ၌ သက်ဆိုင်ရာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ၁၅ မိနစ်ခန့်အတွင်း အမြန်ဆုံးလူစုခွဲပေးရန် သတိပေးပြောကြားခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်သူများသည် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လူစုခွဲသွားကြသည်။

"ဒီဆန္ဒထုတ်ဖော်မှုက ကြိုတင်အသိပေးအကြောင်းကြားထားတာမျိုးမရှိပါဘူး။ အရေးယူဖို့ ရှိ၊ မရှိဆိုတာကတော့ အထက်အဆင့်ဆင့်ကိုတင်ပြသွားပြီး ညွှန်ကြားချက် အတိုင်းဆက်လက်ဆောင်ရွက်သွားမှာပါ။ လက်ရှိအနေနဲ့ ကတော့ ခေါင်းဆောင်နာမည်တွေကို စုစည်းထားပါတယ်" ဟု အဆိုပါဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့နယ် ရဲစခန်းမှူး ရဲမှူး မြင့်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့လည်း မြစ်ဆုံစီမံကိန်းကိစ္စကို အမြန်ဆုံးဖြေရှင်းပေးဖို့ အစိုးရကိုပြောထားတယ်။ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပမာဏက များတဲ့အတွက် အချိန်ထပ်ပြီး စောင့်လို့မရတော့ပါဘူး။ အမြန်ဆုံးဖြေရှင်းပေးဖို့ သက်ဆိုင်ရာကို အကြောင်းကြားထားပါတယ်။ စီမံကိန်းစတင်ဆောင်ရွက်မယ့် အချိန်တုန်းကလည်း နော်ဝေနိုင်ငံက မြေကြီးပညာရှင်တွေနဲ့ စစ်ဆေးမှုတွေလုပ်ပြီးမှ ဆောင်ရွက်ခဲ့တာပါ။ ဆောင်ရွက်မှုအပိုင်းမှာလည်း ယခင်အစိုးရရဲ့ ဖိတ်ခေါ်ကမ်းလှမ်းမှုတွေအရ နှစ်ဖက်သဘောတူစာချုပ်တွေနဲ့လုပ်ခဲ့ရတာပါ။ အစိုးရအနေနဲ့ပြည်သူကို ပွင့်လင်းမြင်သာမှုရှိအောင် စာချုပ်ပါအချက်အလက်တွေကို အမြန်ဆုံးချပြဖို့လိုပါပြီ"ဟု SPIC ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Mr. LIU Zhan က မီဒီယာများအား ပြောကြားသည်။

အဆိုပါစီမံကိန်းကို ၂၀၀၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခင်အစိုးရလက်ထက်အတွင်း ပြည်သူများက ကန့်ကွက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရပ်ဆိုင်းခဲ့သည်။

ယခုအချိန်တွင် အဆိုပါစီမံကိန်းကို လုံးဝဖျက်သိမ်းလိုက်ပါက သက်ဆိုင်ရာကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုအတွက် ကုန်ကျထားသည့် ငွေပမာဏမှာ လတ်တလောကာလ အထိ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ခန့် အထိရှိပြီး စာချုပ်ဖျက်သိမ်းလိုက်ပါက စာချုပ်ပါ အချက်အလက်များ အရ တရားစွဲဆို၍ နစ်နာကြေးများကိုလည်း တောင်းခံနိုင်ကြောင်းနှင့် ယခုကဲ့သို့ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို ရပ်ဆိုင်းထားရသည့်အတွက် ကုမ္ပဏီ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀ ဆုံးရှုံးနေကြောင်း Mr. LIU Zhan က ဆိုသည်။

ဇော်ကြီး (ပဏီတ)

ပြည်တွင်းရေးရာ

ပုဂ္ဂလိကမှ တည်ဆောက်နေသည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ စောင့်ကြည့်ထိန်းကျောင်းပေးရန်လို

သတင်းနှင့် ဓာတ်ပုံ - သီသီမင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း၌ The Infrastructure of Myanmar ကုမ္ပဏီနှင့် ဒေသခံ ပုဂ္ဂလိကကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများသည် ပုဂ္ဂလိကကုမ္ပဏီအချင်းချင်း နားလည်မှု၊ ပြည်သူလူထု၏ ယုံကြည်မှုသက်သက်ဖြင့်သာ ဆောင်ရွက်သည့်ကိစ္စဖြစ်နေခြင်း၊ နှစ်ရှည်စီမံကိန်းဖြစ်နေခြင်းကြောင့် ဒေသခံအချို့က စိုးရိမ်မှုများရှိနေပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အနေဖြင့် စနစ်တကျကိုင်တွယ်ဆောင်ရွက်ပေးစေချင်ကြောင်း ကသာနှင့် ထီးချိုင့်မြို့နယ်များရှိ ဒေသခံပြည်သူများထံမှ သိရသည်။

"ဒီလိုစီမံကိန်းမျိုးတွေနဲ့ပတ်သက်လို့ အစိုးရက သေချာစောင့်ကြည့်ထိန်းကျောင်းပေးစေချင်တယ်။ တကယ်တမ်းလိုအပ်လာရင် အစိုးရက ပူးပေါင်းပါဝင်ကူညီရမယ်။ အခုလက်ရှိကိုကြည့်လိုက်ရင် အလွန်ကို အားနည်းတယ်။ ဒီစီမံကိန်းမှာက စဉ်းစားစရာ အပိုင်းတွေရှိနေတယ်။ အကောင်အထည်ဖော်တဲ့ ဘက်ရော၊ နောက်ပြီးပြည်သူ ဘက်ကရောပေါ့" ဟု ကသာမြို့နယ် ဒေသခံတစ်ဦးဖြစ်သူ ဦးစန်းဖေက ပြောသည်။

တန်ဖိုးနည်းအိမ်ရာများကို ဝယ်ယူသူများဘက်မှ ကြိုတင်ငွေ တစ်လလျှင် သုံးသောင်းကျပ်နှုန်းဖြင့် နှစ်နှစ်ပေးသွင်းပြီးပါက ကျန်သည့် ၂၈ နှစ်ကို အကြွေးစနစ်ဖြင့် နှစ်ရှည် ရောင်းချသွားမည်ဖြစ်ကြောင်း ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နှင့် ထီးချိုင့်မြို့တို့၌ပြုလုပ်သည့် အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် ပတ်သက်သည့် စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲတွင် The Infrastructure of Myanmar ကုမ္ပဏီမှ ဦးခွန်ထွန်းက ပြောသည်။

အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံ စိမ်းဝါနီကုမ္ပဏီနှင့် The Infrastructure of Myanmar ကုမ္ပဏီတို့က မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းသစ်တစ်ခုဖွင့်လှစ်၍ ငွေလက်ခံခြင်းကိုဆောင်ရွက်မည်ဖြစ်ပြီး ကုမ္ပဏီဘက်မှ နှစ်နှစ်အတွင်း ငွေများထုတ်ယူခြင်းမရှိဘဲ ဘဏ်တွင်သာ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း The Infrastructure of Myanmar ကုမ္ပဏီမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံ မြို့မိ မြို့ဖများ ပါဝင်သည့် အိမ်ရာဖော်ဆောင်ရေးကော်မတီကိုဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ရာ အိမ်ရာကော်မတီတွင် ပါဝင်မည့် မိသားလင်ကျေးရွာအုပ်စုမှ ဦးကျော်ဝင်းက "အခုလို တန်ဖိုးနည်းအိမ်ရာ လာရောက်ဖော်ဆောင်တာတော့ ကောင်းပါတယ်။ ကုမ္ပဏီနဲ့ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေဘက်က နစ်နာမှုမရှိရအောင် အခုဘဏ်စာရင်းဖွင့်တဲ့အထဲမှာ စိမ်းဝါနီရယ်၊ The Infrastructure of Myanmar ကုမ္ပဏီရယ်အပြင် ကျွန်တော်တို့ အိမ်ရာဖော်ဆောင်ရေးကော်မတီအဖွဲ့ကလည်း ပါဝင်လို့ရအောင် လုပ်မှာပါ။ ပိုက်ဆံထုတ်မယ်ဆိုကျွန်တော်တို့မပါဘဲထုတ်လို့ မရအောင် လုပ်ရမှာပါ။ တိကျတဲ့ စည်းကမ်းချက်တွေတော့ မသိရသေးဘူး။ အဓိကကတော့ ပြည်သူတွေမနစ်နာအောင် လုပ်ဖို့လိုမယ်" ဟုပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်မည့် တန်ဖိုးနည်းအိမ်ရာများကို စိမ်းဝါနီကုမ္ပဏီနှင့် The Infrastructure of Myanmar ကုမ္ပဏီတို့ ပူးပေါင်း၍ ကသာခရိုင် ကသာမြို့ မိသားလင်ကျေးရွာအုပ်စုနှင့် ထီးချိုင့်မြို့နယ် ဇီးကုန်းကျေးရွာအုပ်စုများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲမှသိရသည်။

အဆိုပါ အိမ်ရာစီမံကိန်းဖော်ဆောင်မည့် မြေနေရာနှင့်စပ်လျဉ်းပြီး ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ခရိုင်စီမံကိန်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းက "လယ်ယာမြေဖြစ်နေရင် လယ်ယာမြေမှ အခြားမြေအသုံးပြုခွင့်တင်ရမယ်။ တောရိုင်းမြေဖြစ်နေရင်လည်း တောရိုင်းမြေရိုင်းကနေပြီးတော့မှ တခြားအသုံးပြုခွင့်တင်ရမယ်။ ဒီလုပ်ပိုင်ခွင့်တွေဟာ အောက်ခြေအဆင့်မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ တိုင်းဒေသကြီးအဆင့်ကနေ၊ ဗဟိုအဆင့်ကနေဘဲ ဆုံးဖြတ်ခွင့်ရှိတယ်။ တိုင်းဒေသကြီး၊ ဗဟိုတို့ကခွင့်ပြုမှရမှာ" ဟုပြောသည်။

ထီးချိုင့်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူနေမျိုးက "ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့လုပ်မယ့်အစီအစဉ်ကို ခုထိသေချာတော့မသိရသေးဘူး။ ဘဏ်အကောင့်ကတော့ သူတို့ကုမ္ပဏီနှစ်ခုပဲပေါင်းပြီး ဘဏ်စာရင်းဖွင့်မှာ၊ ကျွန်တော်တို့က တာဝန်ယူလို့မရပါဘူး။ ဒါက ရောင်းသူ ဝယ်သူ ကျေနပ်လို့ လုပ်တာဆိုတော့ နစ်နာရင် နစ်နာသူ ဘက်က တရားစွဲပေါ့။ ဒါပဲရှိတယ်။ ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းက တာဝန်ယူပေးလို့မရဘူး" ဟု ပြောသည်။

အဆိုပါ အိမ်ရာစီမံကိန်းမှာ မြေဧရိယာ ဧက ၂၀ ပေါ်တွင် ရှစ်ခန်းတွဲ လေးထပ်တိုက် ၃၂ ခန်းပါ တိုက်အလုံးပေါင်း ၈၀ တွင် တိုက်ခန်းပေါင်း ၂၅၆၀ ပါဝင်မည်ဖြစ်ကာ စီမံကိန်းမှာ နှစ်ခုဖြစ်ပြီး အိမ်ရာဝယ်ယူသူများက တစ်လလျှင် သုံးသောင်းကျပ်ဖြင့် နှစ်နှစ်တိတိ ပေးသွင်းပြီးမှ အိမ်ရာဝယ်ယူခွင့်ရမည်ဖြစ်ကြောင်း၊ နှစ် ၃၀ နှစ်ရှည် စီမံကိန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရာစီမံကိန်း၌ အိမ်ခန်းများ၏ ၃၀ ရာခိုင်နှုန်းကို ဒေသခံပြည်သူများအား ရောင်းချပေးမည်ဖြစ်ပြီး ၄၀ ရာခိုင်နှုန်းကို နိုင်ငံ့ဝန်ထမ်းများ၊ ကျန် ၃၀ ရာခိုင်နှုန်းတွင် လူနေဇုန်နှင့် စီးပွားရေးဇုန်များပါဝင်မည်ဖြစ်ပြီး ကျောင်း၊ စျေး၊ အိမ်တွင်းမှုအလုပ်ရုံ၊ ရဲကင်း၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ရုံးခန်းများ၊ ယာဉ်ရပ်နားရာနေရာများ၊ လမ်းများ၊ ရေမြောင်းများ၊ ကောင်းမွန်သော မိလ္လာစနစ်များ ပါဝင်မည်ဖြစ်သည်ဟု ကုမ္ပဏီများဘက်က စာနယ်ဇင်းရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားထားသည်။

The Infrastructure of Myanmar ကုမ္ပဏီ အနေဖြင့် ဘားအံ၊ မိုးကုတ်မြို့နယ်တို့တွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ဒေသခံပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်စတင်နေပြီဖြစ်ကြောင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရိက္ခာများဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၄

ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ရာသီဥတုအခြေအနေဆိုးရွားလျက်ရှိသည့်ကြားမှ ပူတာအိုမှ ခေါင်လန်ဖူးဒေသသို့ ဇွန် ၃ ရက်နှင့် ယနေ့တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများကိုအောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

ယနေ့တွင် ခေါင်လန်ဖူးသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြည်နယ်အစိုးရ အဖွဲ့ကလျှဒါန်းသော ဆန်အိတ် ၈၀၊ ကြက်သွန်နီ ၇၀၊ ငါးခြောက်ပိသာ ၄၀ နှင့် ဆားအထုပ် ၁၀၀ တို့ကို ပို့ဆောင်ပေးနိုင်သည်။

ထို့အပြင် တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားသော မဂ္ဂေဇရွာရှိ ဆန်အိတ် ၂၅၀ ကိုလည်း ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံးရောက်ရှိစေရေး ဆက်လက်ပို့ဆောင်လျက်ရှိသည်။

ယခုအခါ ပြည်နယ်အစိုးရအဖွဲ့က လျှဒါန်းသည့် ဆန်အိတ် ၁၆၀၊ ကြက်သွန်နီ ၁၀၅ ပိသာ၊ အာလူးယာဉ်များဖြင့် ပို့ဆောင်ထားသော ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ကြာဆံပိသာ ၃၀၊ ကြက်ဥအလုံး ၃၀၀ နှင့် ဆားအထုပ် ၂၀၀ တို့ကို ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများလက်ဝယ်သို့ အရောက်ပေးပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြဝတီ)

■

ပေါင်းလောင်းဒိုင်းဘောလုံးပြိုင်ပွဲ ပြန်လည်ကျင်းပ

နေပြည်တော် ဇွန် ၄

နေပြည်တော် ပျဉ်းမနားမြို့တွင် နှစ်အတန်ကြာ တိမ်မြုပ်ပျောက်ကွယ်နေသော ပေါင်းလောင်းဒိုင်းဘောလုံးပြိုင်ပွဲကို စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ကြီးမှူးကာ ကွင်းဖွင့်ပွဲအခမ်းအနားအဖြစ် ပေါင်းလောင်း ပြည်သူ့အားကစားကွင်း၌ ယနေ့ကျင်းပသည်။

ဖွင့်ပွဲတွင် မကွေး(မြို့မ) ဘောလုံးအသင်းနှင့် ရေတာရှည်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေး(မြို့မ) အသင်းက ရေတာရှည်မြို့နယ်အသင်းကို အနိုင်ရရှိသွားပြီး ပြိုင်ပွဲကို ဇွန် ၂၀ ရက်အထိ နေ့စဉ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပေါင်းလောင်းကွင်း၏ နိဒါန်းအစမှာ ၁၉၆၈ ခုနှစ်တွင် ထိုစဉ်က (ခလက) ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး သူရလှခိုင်က နေရာရွှေးချယ်ပေးပြီး မြေပိုင်ရှင် ဆရာတော် ဦးအာစရက ၉ ဒသမ ၀၀ ဧကကို စွန့်ကြရာ ကွင်းကော်မတီက ဆရာတော်အား ဝတ္ထုငွေကျပ် ၄၀၀၀ ဆက်ကပ်ခဲ့သည်။

ထို့ပြင် ဦးသာခင်က ၂ ဒသမ ၇၀ ဧက၊ ဦးမာက သုညဒသမ ၂၆ ဧက၊ ဦးဟာမြစ် (ဦးကျော်)က ၂ ဒသမ ၅၁ ဧကနှင့် ဦးလှအောင်က သုည ဒသမ ၂၁ ဧကတို့ကို စေတနာအလျောက် လျှဒါန်းကြသည်။

ၦင်းပေါင်းလောင်းကွင်းကြီးဖြစ်ပေါ်လာရေးအတွက် ပျဉ်းမနားမြို့သူ မြို့သား လက်လုပ်လက်စားများပါ မကျန် ငွေကြေးတတ်နိုင်သူက ငွေကြေးလျှဒါန်းပြီး လုပ်အားတတ်နိုင်သူက လုပ်အားကို ကွင်းကြီးမပြီး မချင်း တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် တောင်သူလယ်သမား၊ အလုပ်သမား (ဆိုက်ကားသမားများပါ မကျန်)၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ၏ ချွေးနှင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပေါင်းလောင်းကွင်းကြီးမှအောင်သူ (မြန်မာ့လက်ရွေးစင်)၊ စိုးအောင် (မြန်မာ့လက်ရွေးစင်)၊ ခင်မောင်ညွှန့် (မြန်မာ့လက်ရွေးစင်)၊ ဇော်ဇော် (မြန်မာ့လက်ရွေးစင်)၊ သန်းဝင်း (ကြည်းတပ်)၊ ရဲလင်း(အကောက်ခွန်)၊ မျိုးချစ်(မြန်မာ့လက်ရွေးစင်၊ နောင်အခါ ဂိုးနည်းပြ) ယခု ဇေယျာရွှေမြေ ဂိုးနည်းပြ၊ မြင့်အောင်(မန်းတိုင်း)၊ လှဝင်း(မန်းတိုင်း)အားကစားသမားများ ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ နေပြည်တော်မြို့တော်ဝန် ဒေါက်တာ မျိုးအောင်နှင့် ကော်မတီဝင်များ၊ အလှူရှင်စိုးလျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစိုးတင့်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ခဲ့သည်။

(၁၀၇)

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ချည်မျှင်နှင့် အထည်အလိပ်ကလာ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်

မန္တလေး ဇွန် ၄

ချည်မျှင်နှင့်အထည်အလိပ် အမျိုးသားစီးပွားရေးကဏ္ဍ ဦးဆောင်သူများအသင်းမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယက္ကန်းလုပ်ငန်း၊ ချည်မျှင်ဆေးဆိုးလုပ်ငန်း၊ ပိတ်ဆေးဆိုးပွင့်ရိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဂျပန်နိုင်ငံမှ ပညာရှင်များကို ဖိတ်ခေါ်၍ နည်းပညာဆိုင်ရာ လေ့လာဆန်းစစ်မှုများကို မေ ၂၉ ရက်မှ ဇွန် ၁ ရက်ထိ ပြုလုပ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် အမရပူရ၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ပလိပ်ဒေသများမှ ယက္ကန်းလုပ်ငန်းများသည် အတိုင်ချည်အပြတ်များခြင်းကြောင့် ကုန်ထုတ်စွမ်းအားကျဆင်းနေခြင်း၊ လုပ်သားရှားပါးမှု၊ ချည်ဆေးဆိုးခြင်း၊ ရေဆိုးစွန့်ပစ်မှုနည်းပညာ၊ ကော်တင်စနစ်အားနည်းခြင်း စသည့် အခက်အခဲများကို ရင်ဆိုင်နေရခြင်းကြောင့် ပြည်ပသို့တင်ပို့နိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းမရှိသည့် အပြင် ပြည်တွင်းဝယ်လိုအားကိုပင် ပြည့်မီအောင် ကြိုးစား ထုတ်လုပ်နေရသည်ဟု အဆိုပါအသင်းမှ သိရသည်။

ယင်းကြောင့် ဂျပန်နိုင်ငံ Tatsumi weaving ယက္ကန်းကုမ္ပဏီ ဥက္ကဋ္ဌ Mr.Tatsumi၊ Tokai Senko ဆေးဆိုးပန်းရိုက်ကုမ္ပဏီအုပ်စုမှ ဒုဥက္ကဋ္ဌ Mr. Furusawa နှင့် အင်ဂျင်နီယာချုပ် Mr.Inoue တို့အား ဖိတ်ခေါ်၍ နည်းပညာဆိုင်ရာ လေ့လာဆန်းစစ်မှုများကို ပြုလုပ်ခဲ့ကြသည်။

အတိုင်ချည်အပြတ်များခြင်းကြောင့် ကုန်ထုတ်စွမ်းအား ကျဆင်းရခြင်း

လေ့လာတွေ့ရှိချက်များအရ အတိုင်ချည်အပြတ်များခြင်းကြောင့် ကုန်ထုတ်စွမ်းအားကျဆင်းနေရခြင်းမှာ ယင်းဒေသများတွင် ယက္ကန်းစင်ပေါင်း ၂၀၀၀၀ ကျော်ရှိသော်လည်း ယခုထက်တိုင် အသုံးပြုနေသည့် ယက္ကန်းစင်များမှာ ၁၉၅၃-၁၉၆၂ မော်ဒယ် ဂျပန်ယက္ကန်းစင်များဖြစ်ပြီး ၎င်းတို့ကို မြန်မာပြည်တွင်း၌ပင် ပုံတူပွား ဆက်လက်ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် စက်ရုံတွင်းစိုထိုင်းဆနှင့် အပူချိန် မျှတအောင် မထိန်းညှိနိုင်ခြင်းကြောင့် အတိုင်ချည် အပြတ်များပြီး ယက္ကန်းစက်များတွင် အတိုင်ဖမ်း(ခေါ်) Dropper ကိရိယာများ မရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ၈ နာရီရက်လုပ်မှသာ ပုဆိုး၊ ထမီ သုံးကွင်းမှ ၎င်းကွင်း ထွက်သည်ဟု သိရသည်။ ချည်မျှင်သည် စိုထိုင်းမှုရှိမှသာ ယက္ကန်းရက်ရာတွင် အပြတ်နည်းမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအခက်အခဲကို ဖြေရှင်းရန် စက်ရုံအတွင်းတွင် လေထုစိုထိုင်းစဖြစ်စေမည့် စက်ကိရိယာများတပ်ခြင်းနှင့် အရည်အသွေးထိန်းနိုင်ရန်အတွက် အတိုင်ဖမ်း (ခေါ်) Dropper များ ပြန်လည်တပ်ဆင်ခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟု သိရသည်။

လုပ်သားရှားပါးလာမှု

လုပ်သားရှားပါးလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ အတိုင်ချည်အပြတ်များခြင်းနှင့် အခန်းတွင်း အပူချိန်မြင့်မားခြင်းကြောင့် ဟု သိရသည်။ လက်ရှိအချိန်တွင် ယက္ကန်း နှစ်စင်လျှင် တစ်ယောက်နှုန်းဖြင့် လုပ်ကိုင်လျက်ရှိသည်။ ယင်းပြဿနာကို ဖြေရှင်းရန် စက်ရုံအတွင်း အပူချိန်နှင့်စိုထိုင်းစကို ထိန်းညှိပေးခြင်းဖြင့် အတိုင်ချည်ပြတ်တောက်မှု လျော့နည်းလာပြီး အထည်အထွက်တိုးခြင်းကြောင့် ပုတ်ပြတ်ရင်ငွေ တိုးလာမည်ဖြစ်သည်။ အပူချိန်လျော့နည်းလာခြင်းကြောင့် လုပ်သားများ မပင်ပန်းအလုပ်လုပ်နိုင်မည်ဟု ထောက်ပြပြောဆိုသည်။

ချည်ဆေးဆိုးခြင်း

ချည်ဆေးဆိုးခြင်းကဏ္ဍတွင် ချည်မျှင်နှင့် ဆေးကုန်ကြမ်းကို အရည်အသွေး သတ်မှတ်မဝယ်ယူနိုင်ခြင်းကြောင့် တန်ဖိုးမြှင့်ထုတ်ကုန် မထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ လုပ်ငန်းရှင်များသည် ပြည်ပထုတ်လုပ်သူကို မသိရှိရဘဲ ကြားခံကုန်သည်များထံမှသာ ကုန်ကြမ်းကို ဝယ်ယူရသည်။ ထို့ကြောင့် နိုင်ငံတကာတွင် ကန့်သတ်ထားသည့် ဆိုးဆေးပေါင်းများစွာရှိပြီး ကင်ဆာဖြစ်စေတတ်သည့် ဓာတုပစ္စည်း ၂၃ မျိုး မပါဝင်ကြောင်း ကုမ္ပဏီကပေးသည့် အရည်အသွေးအာမခံချက်အကျိုးကို မခံစားရခြင်းဖြစ်သည်။ ထို့ပြင် ချည်ဆေးဆိုးခြင်းကဏ္ဍတွင် အသုံးပြုသောရေမှာ သတ္တုဓာတ်အလွန်မြင့်မားနေခြင်းကြောင့် ရေ၏မာကျောအားကို လျှော့ချမှသာ အရောင်အသွေး တောက်ပ၍ အရည်အသွေးကောင်းမည်ဟု ထောက်ပြပြောဆိုခဲ့သည်။

ရေဆိုးစွန့်ပစ်ခြင်း

ပတ်ဝန်းကျင် အင်ဂျင်နီယာလည်းဖြစ်သူ အင်ဂျင်နီယာချုပ်၏ ထောက်ပြချက်အရ စွန့်ပစ်ရေတွင်ပါဝင်သော စံပြင်းအားသည် မြစ်ချောင်းအတွင်းရှိ သက်ရှိများနှင့် အပင်များကို အဓိက ဘေးဖြစ်စေနိုင်သည်။ စွန့်ပစ်ရေကို မြစ်ထဲသို့ မစီးဆင်းအောင် သိုလှောင်ကန်များထားရှိမှသာ အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းနိုင်မည်ဖြစ်သည်။ သိုလှောင်ကန်တွင်းမှ ပြင်ပသို့ ရေဆိုးသန့်စင်စွန့်ပစ်နိုင်ရန်အတွက် ရေဆိုးထုတ်ရာရေဆိုးပိုက်များတွင် စံနှင့် အခြားပါဝင်မှုများကိုတိုင်းတာရန် လိုအပ်သည်။ ရေအရောင်သည် ဒုက္ခပေးခြင်းမဟုတ်ဘဲ ရေတွင်ပါဝင်သည့် စံအဆင့်သတ်မှတ်ချက်ကသာ အဓိကကျခြင်းဖြစ်သည်။ စွန့်ပစ်ရေကို စံအဆင့် ၆ မှ ၉ အကြား နေ့စဉ်သုံးကြိမ်တိုင်းတာခြင်းနှင့် အခြေအနေများကို လေ့လာမှုများပြုလုပ်မှသာ ဖြေရှင်းနိုင်မည်ဟု သိရသည်။

ထို့ကြောင့် ချည်မျှင်နှင့် အထည်အလိပ်စီးပွားရေးကဏ္ဍ ဦးဆောင်သူများအသင်းဝင်များက မိမိတို့၏စက်ရုံထွက် စွန့်ပစ်ရေများကို နေ့စဉ် စံပြင်းအားတိုင်းတာကာ မှတ်တမ်းပြုစုကြရန် လိုအပ်သည်။ ယင်းသို့ တိုင်းတာနိုင်ရေးအတွက် ဇွန်လအတွင်း တိုင်းတာရေးပစ္စည်းများ မြန်မာပြည်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမည့်အပြင် ယင်းအခြေအနေများကို ဂျပန်နိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ကာ ကုန်ကျစရိတ်အသက်သာဆုံးနည်းလမ်းဖြင့် ပညာရှင်များက ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

အထက်ပါ အခက်အခဲများကို ချည်မျှင်နှင့် အထည်အလိပ်အမျိုးသားစီးပွားရေးကဏ္ဍဦးဆောင်သူများအသင်းမှ အသင်းဝင်လုပ်ငန်းရှင်များမှ ဖြေရှင်းနိုင်ရေး၊ စီမံဆောင်ရွက်ပြီးပါက ပြည်ပသို့တန်ဖိုးမြှင့် ချည်မျှင်အထည်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး လက်ရှိကုန်ပစ္စည်းများကို ဂျပန်နိုင်ငံတွင် အရည်အသွေးစစ်ဆေးကာ ပြုပြင်သင့်သည်များကို ယင်းပညာရှင်များနှင့်အတူ ပြုပြင်အရည်အသွေးမြှင့်သွားမည်။ တစ်ပြိုင်နက်တည်း ပြည်ပစျေးကွက်ရှာဖွေထိုးဖောက်သွားမည်ဟု သိရသည်။

သတင်းဆောင်းပါး-ခင်ဇာလီ
ဓာတ်ပုံ-ခင်မေဆု

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရန် ကျန်ရှိနေသောတောင်သူများရှိနေ

နေပြည်တော် ဇွန် ၄

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးချိန်အကိုက် တောင်သူများ လက်ဝယ်သို့ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားဘဏ်ခွဲမှ တာဝန်ယူထုတ်ချေးပေးရသည့် ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များတွင် ယခင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့် တောင်သူများရှိကြောင်း သိရသည်။

ယခင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ပျဉ်းမနားမြို့နယ်တွင် ငွေကျပ် ၁၃၁၅၉၀၀၀၀၀ ထုတ်ချေးပေးခဲ့ရာ ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ပေးဆပ်ရန် ကျန်ငွေ ကျပ် ၁၆၅၄၉၀၀၀၀ ဖြစ်ကြောင်း၊ ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၄၉၄၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ရာ ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စု ၎င်းအုပ်စုမှ ပေးဆပ်ရန် ကျန်ငွေ ကျပ် ၇၃၉၅၀၀၀၀ ဖြစ်ကြောင်းနှင့် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၁၀၉၃၀၀၀၀၀ ထုတ်ချေးပေးခဲ့ရာ ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စုနှစ်အုပ်စုမှ ပေးဆပ်ရန်ကျန်ငွေ ကျပ် ၄၉၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားဘဏ်ခွဲမှ စိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၂ ရက်အထိ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၎င်းအုပ်စုမှ လူဦးရေ ၂၇၄ ဦး၊ စာ၃၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၁၂၄၉၅၀၀၀၀၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတစ်အုပ်စုမှ လူဦးရေ ၁၅၂ ဦး၊ ၆၃၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၉၄၉၅၀၀၀၀ နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တစ်အုပ်စုမှ လူဦးရေ ၆၆ ဦး၊ ၂၂၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၃၄၀၅၀၀၀၀ ကို ထုတ်ပေးနိုင်ပြီးဖြစ်ကြောင်း သိရသည်။

(ရွှေကုတ္တီ)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်နေသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းနေသေး

ပုသိမ် ဇွန် ၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းလိုက်နာနိုင်စေရေးအတွက် စည်းကမ်းမဲ့ဆိုင်ကယ်များကို ခေါ်ယူသတိပေးပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေမှုများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းကြရန် ပညာပေးလုပ်ဆောင်နေသည်မှာ ကာလအတန်ကြာပြီဖြစ်သော်လည်း စည်းကမ်းလိုက်နာမှု အလွန်အားနည်းနေသေးကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

အမှတ် (၂)ရပ်ကွက် မှော်သေးလမ်းဆုံနှင့် ကျောင်းကုန်းမြို့မစျေးအနီးတွင် ဇွန် ၄ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဖွံ့/ထောက်အဖွဲ့၊ မြို့နယ်စည်ပင်အဖွဲ့၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းဇော်နှင့်အဖွဲ့က ပညာပေးဆောင်ရွက်ပြီး ကျောင်းကုန်းမြို့မစျေးအနီးတွင် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထွန်းထွန်းဝင်းနှင့် စည်ပင်အဖွဲ့တို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(မြန်/ဆက်)

ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ ခန့်တွင် လယ်ယာမြေစိုက်ကေ ၁၅၀၀၀ နီးပါး နှစ်စဉ်လိုလို ရေမြုပ်ပျက်စီးမှုကြုံတွေ့နေ

ညောင်လေးပင် ဇွန် ၄

ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ သမင်အင်ကုန်း၊ နံ၈ ဗောဓိကွင်း၊ လက်ခံ၊ တောင်ခင်၊ ကညင်ကျီး၊ ကံကလေး၊ ရေတွင်းကုန်း၊ ထော်နွတ်၊ တော်ဝိ၊ ထိန်တပင်၊ ကလိန်ခင် စသည့်ကျေးရွာများအပါအဝင် ကျေးရွာအုပ်စုပေါင်း ၂၀ ခန့်ရှိ လယ်ယာမြေစိုက်ဧက ၁၅၀၀၀ နီးပါးသည် နှစ်စဉ်လိုလို ရေမြုပ်ပျက်စီးမှုကြုံတွေ့နေရသည်မှာ နှစ်ကာလအားဖြင့် ဆယ်စုနှစ်ကျော်ခန့်ပင်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများမှာ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီး စသည့်မြို့နယ်လေးခုဆုံးသည့်နေရာတွင် တည်ရှိပြီး ယင်းကျေးရွာများ၏ လယ်ယာကိုင်းကျွန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်မူ စစ်တောင်းရေကာတာနှင့် မုဂ္ဓမူ(ချိန်းချောင်း) ရေနုတ်ချောင်းများကို အားကိုးအားထားပြုနေရခြင်းဖြစ်သည်။

စစ်တောင်းရေကာတာသည် ကျောက်တံခါးမြို့မှ မဒေါက်မြို့အထိ ၄၉ မိုင်နှင့် ၁ ဖာလုံရှည်လျားပြီး စစ်တောင်းမြစ်နှင့် ရန်ကုန်-မန္တလေး ရထားလမ်းအကြားတည်ရှိသည့် လယ်မြေဧက ၅၄၀၀၀ ကျော်ကိုလည်း စစ်တောင်းမြစ်ရေလျှံသည့်အခါ ရေလွှမ်းမိုးခြင်းအန္တရာယ်မှ အကာအကွယ်ပေးနိုင်သည့် ရေကာတာဖြစ်သည်။ အဆိုပါ ရေကာတာကို ၁၈၈၃-၁၈၈၄ ခုနှစ်တွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မုဂ္ဓမူ(ချိန်းချောင်း)သည်လည်း စစ်တောင်းရေကာတာနှင့် ပဲခူးရိုးမတောများအတွင်းရှိ ချောင်းများမှ စီးဆင်းလာသောရေများကို နုတ်သိမ်းရန်ဖော်ထုတ်ထားသော ရေနုတ်ချောင်းဖြစ်သည်။ အဆိုပါ ရေနုတ်ချောင်းသည် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ကျောက်တံခါးမြို့နယ် နံ၇ကျေးရွာအုပ်စု ဘိုးတရွာအနီး အသဝိအင်းမှ စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းလျက်ရှိပြီး အလျား ၃၈ မိုင် ၄ ဖာလုံရှိသည်။ ယင်းရေနုတ်ချောင်းတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ရာမှ ရေနုတ်နှေးလာခြင်း၊ ချောင်းကောလာခြင်းများဖြစ်ပေါ်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကြာမြင့်လာသည်အထိ သက်ဆိုင်ရာက ဖြေရှင်းနိုင်ခြင်းမရှိသေးသဖြင့် ဒေသတွင်း မိုးစပါးစိုက်ပျိုးရာသီကာလတွင် နှစ်စဉ်ရေနစ်မြုပ်မှုကြောင့် လယ်ဧက ၁၅၀၀၀ နီးပါးခန့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဒေသခံလယ်သမား ၃၀၀၀ ခန့်နှင့် ၎င်းတို့၏ အနာဂတ် ဆက်လက်ရှင်သန်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မိုးရာသီတိုင်း နှစ်စဉ်လိုလိုကြုံတွေ့နေရသော လယ်မြေအချို့ ရေကြီးနစ်မြုပ်ပျက်စီးမှုဖြစ်စဉ်မှ ကင်းဝေးစေရန် အဖြေရှာစစ်ဆေးဖော်ဆောင်ပေးစေလိုကြောင်း ဒေသခံတောင်သူလယ်သမားများ၏ ဆန္ဒကို ကြေးမုံမှတစ်ဆင့် ဖော်ပြလိုက်ရပါသည်။

သတင်း-ရန်အောင်ထွန်း(ပိန်းဇလုပ်)
ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွှန့်

■

ပင်လယ်ဒီရေမြင့်တက် ကုန်းတွင်းပိုင်းထိဝင်ရောက်

ရွှေသောင်ယံ ဇွန် ၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကမ်းခြေတစ်လျှောက်တွင် ဇွန် ၄ ရက် နံနက်ပိုင်းက ပင်လယ်ဒီရေများမြင့်တက်၍ ကုန်းတွင်းပိုင်းကားလမ်းနားအထိ ဒီရေများလျှံတက်လျက်ရှိသည်ကို တွေ့ရသည်။

ဒီရေမြင့်မားမှုနှင့်ပတ်သက်၍ "ဗမာရက် ၁၄ ရက်နဲ့ ဒီလောက်ရေကြီးတာတစ်ခါမှ မတွေ့ဖူးဘူး"ဟု ဒေသခံများက ဆိုသည်။ ယခုရေလျှံတက်လျက်ရှိသော အချို့နေရာများသည် မာလာမုန်တိုင်းတိုက်ခတ်စဉ်က တစ်ကြိမ်သာ ရေကြီးရေလျှံဖြစ်ခဲ့ပြီး "ခုလိုရာသီဥတုကောင်းမွန်တဲ့ အချိန်မျိုးမှာ ဒီရေမြင့်တက်လေ့မရှိဘဲ ဗမာရက် ၁၅ ရက်မှာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်စတဲ့ ရေထရက်များတွင် ပင်လယ်ဒီရေ ဒီ့ထက်ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိပါတယ်"ဟု ဒေသခံများက ဆိုသည်။

ကိုကိုမောင်(ပြန်/ဆက်)

ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးနှင့် သက်တမ်းလွန်ဆေးများ သိမ်းဆည်း

မန္တလေး ဇွန် ၄

မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးများ ရောင်းချမှုမရှိစေရေး၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့တော်စည်ပင်၊ မူးယစ်အထူးအဖွဲ့၊ အကောက်ခွန် ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပါဝင်သော အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေး ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် ကံကောက်ရပ်ကွက် လမ်း ၃၀၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြားရှိ ဆေးဆိုင်အား ဝင်ရောက်စစ်ဆေးရာ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသော Dexoph တံဆိပ်ပါ မျက်စဉ်းဆေးတစ်ဘူးလျှင် ၁၂ လုံးပါ ၈၂ ဘူး၊ ၉၈၄ လုံး၊ သက်တမ်းလွန် Neclox 500 တံဆိပ်ပါဟဠ္ဍဇီဝထိုးဆေး ၁၆၇ ဘူးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ဆေးဆိုင်တာဝန်ခံ မြင့်သန်းစိုး (၃၅) နှစ်အား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အလားတူ အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေး ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် အကွက် ၁၄၈၊ ၁၉ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ ဆေးဆိုင်အား ဝင်ရောက်စစ်ဆေးရာ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် မရှိသော Dextro tabletst အမျိုးအစား ဆေးဝါးမျိုးစုံ ၁၉ မျိုးနှင့် သက်တမ်းလွန် Dynapar Gel 30g အမျိုးအစားပါ ဆေးဝါးမျိုးစုံတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆေးဆိုင်ပိုင်ရှင် ကျော်မြင့်အား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးဆောင်၍ မန္တလေးခရိုင်အတွင်း ဆေးဆိုင်များအား မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပြီး ရှောင်တခင်စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မောင်ပြည်သူ (မန္တလေး)

မြောက်ဦးမြို့၌ ကွန်ပျူတာနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်း

မြောက်ဦး ဇွန် ၄

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြောက်ဦးမင်းသမီး ဟိုတယ်၌ ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲကို ဇွန် ၃ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးဦးရဲအောင်မိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးအောင်မွန်လတ်က ဟိုတယ်ဝန်ထမ်းများအား ယခုလို သင်တန်းများပို့ချပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်နယ် ညွှန်ကြားရေးမှူး ဦးရဲအောင်မိုးက သင်တန်းဆင်းလက်မှတ်နှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်း လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား မအိအိစံနှင့် ကိုတင်အောင်ထွေးက တက်ရောက်လက်ခံယူကြပြီး ကွန်ပျူတာအခြေခံ သင်တန်းနှင့် အင်္ဂလိပ်စာ အခြေခံသင်တန်းတို့တွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်မွန်လတ်နှင့် ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်ခင်သန်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(ခရိုင်မြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ လွှင်ကော်မြို့၌ပြုလုပ်

လွှင်ကော် ဇွန် ၄

ကယားပြည်နယ် (၁၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက လွှင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ရေးဆွဲယှဉ်ပြိုင်နေမှုများကို ကယားပြည်နယ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❋ **မြန်မာမှ**

ဟောင်ဟောဂျီ၊ ၁၈ မိနစ်တွင် ကန်ယူမီ၊ ၃၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျန်ဆယ်ဂျီတို့က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်းမှာ လှယဉ်ဝင်း၊ အေးအေးမိုးနှင့် မေစံပယ်ဖူးတို့ကိုထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း တောင်ကိုရီးယားအသင်းကသာပွဲကို ဆက်လက်ထိန်းချုပ်ကစားသွားခဲ့ပြီး ဆွန်ဟွာယွန်က ၆၀ မိနစ်နှင့် ၆၆ မိနစ်တို့တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းမှာ ဂိုးပြတ်ရှုံးနိမ့်သော်လည်း အာရှထိပ်သီးအသင်းနှင့် ကစားခဲ့ရ၍ အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။

မြန်မာ-တောင်ကိုရီးယားခြေစမ်းပွဲ ဒုတိယပွဲကို ဇွန် ၇ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

■

ဇာတ်ကားသစ်တွင် မီဒီယာသမားတစ်ဦးအသွင်ဖြင့် မြင်တွေ့ရမည့် ဂျီလီယန်အန်ဒါဆန်

X-Files ဇာတ်ကားများ၏ ပင်တိုင်မင်းသမီးတစ်ဦးဖြစ်သူ ဂျီလီယန်အန်ဒါဆန်က မကြာမီတွင် Starz ရုပ်သံလိုင်း၌ ထုတ်လွှင့်ပြသမည့် American Gods ရုပ်သံဇာတ်လမ်းတွဲတွင် မီဒီယာသမားတစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ အမေရိကန်နှင့်ဗြိတိန် ကပြားလူမျိုး မင်းသမီးတစ်ဦးဖြစ်သူ မင်းသမီး ဂျီလီယန်သည် အဆိုပါသတင်းစကားကို ဇွန် ၃ ရက်က ၎င်း၏တွစ်တာအကောင့်မှတစ်ဆင့် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

"ဒီသတင်းက အမှန်ပါပဲ။ American Gods ရုပ်သံဇာတ်လမ်းတွဲမှာပါဝင်ဖို့အတွက် စိတ်လှုပ်ရှားနေပါတယ်"ဟု အတည်ပြုစကားဆိုခဲ့သည်။

မင်းသမီး ဂျီလီယန်အနေဖြင့် ဗြိတိန်မှုခင်းရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် The Fall တွင်လည်း ဆက်လက် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် အမျိုးသမီးများအတွက် self-help guide စာအုပ်ကို ထုတ်ဝေသွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

Gucci ရှူးပွဲအတွက် ပထမဆုံးဖိတ်ကြားခံခဲ့ရသည့် တောင်ကိုရီးယားအနုပညာရှင်တစ်ဦးဖြစ်လာသူ

မင်းသမီး ဂေါင်ဟိုဂျင်း

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဂေါင်ဟိုဂျင်းအနေဖြင့် Gucci မှ ကျင်းပသည့်ဖက်ရှင်ရှူးပွဲများတက်ရောက်ရန် ပထမဆုံး ဖိတ်ကြားခံခဲ့ရသည့် တောင်ကိုရီးယားအနုပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။

မင်းသမီး ဂေါင်ဟိုဂျင်းသည် ဇွန် ၂ ရက်က လန်ဒန်မြို့၌ကျင်းပခဲ့သည့် Gucci ရှူးပွဲကို တက်ရောက်ခဲ့ပြီး ယင်းသည် Gucci ၏ သမိုင်းဝင် အဆောက်အအုံများတွင်ကျင်းပသည့် ပထမဆုံးသော ဖက်ရှင်ရှူးပွဲတစ်ခုလည်းဖြစ်သည်။

မင်းသမီး ဂေါင်ဟိုဂျင်းသည် ၂၀၀၈ ခုနှစ်က ထွက်ရှိခဲ့သည့် Crush and Blush ဇာတ်ကားဖြင့် လူသိများလာခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးအနုပညာလှုပ်ရှားမှုအနေဖြင့် ၂၀၁၅ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သည့် The Producers ရုပ်သံဇာတ်လမ်းတွင် မင်းသမီး အိုင်ယူနှင့်လည်းကောင်း၊ It's Okay, That's Love ဇာတ်လမ်းတွဲတွင် လည်းကောင်း ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဂေါင်ဟိုဂျင်းသည် ယမန်နှစ်ကထွက်ရှိခဲ့သည့် The Producers ဇာတ်ကားဖြင့်ပင် ကေဘီအက်စ်ဒရမ်မာ ဆုပေးပွဲတွင် Best Couple Award ဆုကို ရရှိဆွတ်ခူးခဲ့သူတစ်ဦးလည်းဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

Kanye West ၏ သီချင်းသစ် ထွက်ရှိ

အမေရိကန် ရက်ပ်ပါအဆိုတော် Kanye West က ၎င်း၏ တစ်ကိုယ်တော်တေးသီချင်းသစ်ကို ဇွန် ၃ ရက်က စတင်မိတ်ဆက်ခဲ့သည်။

"ခြောက်မိနစ်ကြာတဲ့ ဒီသီချင်းအတွက် ကျွန်တော်နှစ်ဝက်လောက် အချိန်ပေးခဲ့ရပါတယ်။ ဒါကြောင့် ဒီသီချင်းအတွက် အရမ်းရင်ခုန်နေပါတယ်"ဟု ဇွန် ၃ ရက်က လူမှုကွန်ရက်စာမျက်နှာတွင်ရေးသားခဲ့သည်။

တေးရေးဆရာ၊ သီချင်းထုတ်လုပ်သူနှင့် ဖက်ရှင်ဒီဇိုင်နာတစ်ဦးလည်းဖြစ်သူ Kanye West အား ၂၁ ရာစု၏ ဂီတပညာရှင်အဖြစ် ဂုဏ်ပြုခံထားရသူတစ်ဦးလည်း ဖြစ်သည်။

အနုပညာသက်တမ်းခြောက်နှစ်ပြည့်သွားခဲ့တဲ့ SISTAR အဖွဲ့

၂၀၁၀ ခုနှစ်က စတားရှစ်အင်နာတာတိန်းမန့်မှ မြေတောင်မြောက်ပေးလိုက်သည့် တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်အဖွဲ့သည် ဇွန်၃ ရက်က အနုပညာသက်တမ်း ခြောက်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် အဖွဲ့ကိုအားပေးကြသည့် ပရိသတ်များအား အဖွဲ့ဝင်များက ၎င်းတို့၏ အင်စတာဂရမ်နှင့် တွစ်တာအကောင့်စာမျက်နှာများမှ ကျေးဇူးတင်စကားများ ဆိုခဲ့သည်။

"ဂုဏ်ယူပါတယ် SISTAR အဖွဲ့ဝင်တွေရေ၊ ခြောက်နှစ်ပြည့်ခဲ့ပါပြီ။ နောက်ထပ်လည်း ပရိသတ်တွေနဲ့ အတူပျော်ရွှင်စရာအမှတ်တရတွေကို ဆက်လက်ဖန်တီးကြရအောင်"ဟု SISTAR အဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာတွင် ပုံများနှင့်တကွ ဖော်ပြခဲ့သည်။

SISTAR အဖွဲ့သည် ယခုလလယ်ခန့်တွင် ထွက်ရှိမည့် မိနီအယ်လ်ဘမ်အတွက် အလုပ်များလျက်ရှိနေပြီး ယခုကဲ့သို့ ခြောက်နှစ်ပြည့်နှစ်ပတ်လည်ပါ ရှိလာပြန်သဖြင့် ယခုနှစ်ဂီတရာသီတွင် ၎င်းတို့အဖွဲ့၏ ပွဲထွက်မှုအတွက် လူများပိုမိုစိတ်ဝင်စားလာစေခဲ့သည်။

အမျိုးသမီးတေးသံရှင် လေးဦးဖြင့် ဖွဲ့စည်းထားသည့် SISTAR အဖွဲ့သည် ၂၀၁၁ ခုနှစ်က So Cool စတူဒီယိုအယ်လ်ဘမ်ဖြင့် ပရိသတ်များ စတင်အားပေးခဲ့ကြခြင်းဖြစ်ပြီး ယင်းအယ်လ်ဘမ်သည် Billboard Korea K-Pop Hot 100 singles chart တွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၅- ၆ -၂၀၁၆ (တနင်္ဂနွေ)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	-အဖွင့်
	-မိုးလေဝသအစီအစဉ်
	-တေးဂီတအစီအစဉ်
၆း၃၀	-မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)
၆း၅၀	နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၇း၀၀	မြန်မာဗီဒီယိုဇာတ်လမ်း "ယောက္ချားလို့ဆို"
၈း၄၀	MRTV Entertainment Music
၉း၀၀	ဗိုလ်ကလေးတင့်အောင် (အပိုင်း-၁)
၉း၃၀	မြန်မာရုပ်ရှင် "အကယ်ဒမီရှော့"
၁၂း၀၀	-အစီအစဉ်ပြီး၏

တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"ဝိဒူရပညာရှိအကြောင်း" (အပိုင်း-၄) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၃)
၉း၀၀	Weekly Sports Diary
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀)
၁၀း၁၅	ခေတ်သစ်ယျိမေ
၁၁း၁၀	Star တို့ရဲ့ လက်ရာ
၁၁း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၉၁+၉၂)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၃)
၃း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Food and Hotel Myanmar 2016 တွင် ပါဝင်ပြသထားသော မြန်မာ့ရိုးရာစားသောက်ဆိုင်များ၏ ပြခန်းမြင်ကွင်းများ)
၅း၃၀	ထိုင်းနိုင်ငံအယုဒ္ဓယမြို့နှင့် ဘန်ကောက်မြို့တို့တွင်ကျင်းပ ပြုလုပ်သည့် " The 13th United Nations Day of Vesak" ပွဲတော် ဆီသို့အလည်တစ်ခေါက်
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၄)
၇း၂၀	Fashion Week
၇း၄၅	Myanmar's Got Talent
၈း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၉၃+၉၄)
၃း၀၅	Weekly Sports Diary
၃း၃၅	MRTV-4 Stage
၄း၁၀	World of Knowledge (Mega Factories Chevy Volt)

MWD

၆း၀၃	တရားတော်
၇း၁၅	မေတ္တာပို့
၇း၂၅	ဓမ္မပူဇာတေး
၇း၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၇း၄၀	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	စိုက်ပျိုးသုတ
၈း၃၅	ပျော်ရွှင်လေ့လာ နွေရာသီမှာ
၉း၄၅	အမှတ်တရနေ့ရက်လေးများ
၁၀း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၂၀	Guide For You
၁၁း၀၀	English For Myanmar
၁၁း၁၅	Lucky Door
၁၁း၅၀	တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၁၂း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝမ်းနည်းဖွယ်ပုံပြင်လေး
၁း၁၉	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"မေတ္တာအသခ္ခေါ်"အပိုင်း(၆၇)
၂း၃၀	အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၄း၂၅	သာယာသီကြွေးခေတ်ဆန်းတေး
၄း၃၅	ပျိုပျိုမေ
၅း၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၂၇)
၅း၅၅	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၁၀	ဘဝကြေးမုံ
၆း၃၅	လူစွန့်စားခရီးသွားနေသည်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ (အပိုင်း-၃၈)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	-နိုင်ငံတကာသတင်း
	-မိုးလေဝသသတင်း
	-VOA အင်္ဂလိပ်စာသင်ခန်းစာ
	-ပဟေဠိနန်းတော်
	-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-အနားမည်ကြံ၀ံ (အပိုင်း-၄)

mitv

07:26	Jade Pagoda: Weirawsana
07:43	Myanmar Traditional Toys
08:27	MOYINGYI WILDLIFE SANCTUARY
08:45	Village Belle
09:26	Snow Flakes…Scenic Confluence… To Kachin State
09:47	All About Orchids
10:26	Ngapali, Unique Spot To Relax
10:46	…….Shan Novices To Be……..

Prime Time

07:26	Myanmar Invites You
07:41	Now in Yangon
07:48	Today Myanmar "The Dawn of Education Reform"
08:26	The Stories Of The Great Souls (Mar Mar Aye) (EP-2)

အစ္စကို၊ ဂျိမ်းစ်၊ ဗာရာနီအထွက်နဲ့ ဒီဂီယာ၊ ပေါ့ဘာအဝင်ဖြစ်လာမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ နွေဈေးကွက်

ချန်ပီယံလီဂ်မှာ ဗိုလ်စွဲခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဖီဖာရဲ့ ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရလို့ ၂၀၁၇ ခုနှစ် တစ်နှစ်လုံး ကစားသမားအသစ်ခေါ်ယူဖို့ မဖြစ်နိုင်တာကြောင့် ကစားသမားအသစ်ဝယ်ယူမှုကို ဒီနှစ်နွေဈေးကွက်အတွင်းသာ အလျင်အမြန်လှုပ်ရှားရမှာမို့ ဘယ်သူတွေကို ထုတ်ရောင်းပြီး ဘယ်ကစားသမားအသစ်တွေကို အသင်းနဲ့အထိုင်ချမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ရီးယဲလ်မက်ဒရစ် ချန်ပီယံလီဂ်ဗိုလ်လုပွဲမှာ ကစားခဲ့တဲ့ပုံစံကိုကြည့်ပြီး သုံးသပ်ရရင် ယခုလက်ရှိလူစာရင်းဟာ အထိုင်ကျနေတဲ့ လူစာရင်းမဟုတ်တာတော့ သေချာပါတယ်။

မေလဲ့သင်း-စုစည်းသည်

ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းမှ ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဗာရာနီတို့အပါအဝင် လက်ရှိကစားသမားခြောက်ဦးလောက်ကို အသင်းမှ ထွက်ခွာခွင့် ပေးသွားဖို့ရှိနေသလို တစ်ဖက်မှာလည်း ဒီဂီယာနဲ့ ပေါ့ဘာတို့ကို ခေါ်ယူပြီး ရာသီသစ်အတွက် အားဖြည့်ဖို့ ကြိုးပမ်းနေပါတယ်။ ရီးယဲလ်နည်းပြ ဇီဒန်းဟာ ဗဟိုကွင်းလယ်ကစားသမားတစ်ဦး၊ ဘယ်နောက်ခံလူကစားသမား တစ်ဦး၊ တိုက်စစ်ကစားသမားတစ်ဦး၊ ဂိုးသမားတစ်ဦးတို့ကို ဝယ်ယူဖို့စီစဉ်နေပါတယ်။ ဒါပေမယ့် ရီးယဲလ်ဂိုးသမားကီလာနာဗက်စ်ကလည်း ပုံမှန်လက်စွမ်းပြနေသူဖြစ်လို့ ဒီဂီယာကို အဝယ်စာရင်းထိပ်ဆုံးနေရာမှာတော့ ထည့်သွင်းဖို့မရှိပါဘူး။

ကွင်းလယ်ကစားသမားတွေထဲမှာ ဝီအက်စ်ဂျီမ္ဗ ဗာရက်တီ၊ ဂျူဗင်တပ်မ္ပ ပေါ့ဘာတို့ကို ပစ်မှတ်ထားနေသလို တိုက်စစ်ကစားသမားတွေထဲကဆိုရင် လီဝမ်ဒေါစကီး၊ အော့ဘာမီယန်တို့ကိုခေါ်ယူဖို့ အားထုတ်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီကစားသမားတွေကိုလည်း လက်ရှိအသင်းတွေက ထုတ်ရောင်းဖို့ အစီအစဉ်မရှိတာကြောင့် ဒီလေးယောက်ထဲက ပေါ့ဘာ တစ်ဦးတည်းကိုသာ ခေါ်ယူဖို့နီးစပ်နေတယ်လို့ သိရပါတယ်။

ဒါကြောင့် ရီးယဲလ်ဟာ နောက်ထပ်အစီအစဉ်သစ်တစ်ခုကို အရန်အဖြစ် ချမှတ်ထားပါတယ်။ ဒီဂီယာကိုမရရင် ချယ်လ်ဆီးဂိုးသမား ကော်တ္ဝါက်စ်၊ နောက်ခံကစားသမားတွေထဲက အက်သလက်တီကိုမှ ဂျိမီနက်ဇ်၊ ဝုဖ်ဘတ်မ္ဘ ရိုဒရီဂွက်ဇ်၊ ကွင်းလယ်ကစားသမားတွေထဲကဆိုရင် လက်စတာကွင်းလယ် အတွဲဖြစ်တဲ့ ကန်တီနဲ့ မာရက်ဇ် (ဒါမှမဟုတ်)လေဗာကူဆင်မ္ဘ ခရာမာတို့ကို ချိတ်ဆက်နေပါတယ်။

ရီးယဲလ်က တိုက်စစ်အတွက် လီဝမ်ဒေါစကီး (ဒါမဟုတ်) အော့ဘာမီယန်တို့ကိုမရရင် အသင်းကနေရောင်းထုတ်ခဲ့တဲ့ ဂျူဗီတိုက်စစ်မျူး မိုရာတာကို ပြန်လည်ခေါ်ယူဖို့ ကြိုးပမ်းလာမှာဖြစ်ပါတယ်။ မိုရာတာရဲ့ အရောင်းစာချုပ်မှာ တကယ်လို့ရီးယဲလ်ဘက်က သူ့ကို ပြန်ခေါ်ချင်တယ်ဆို ခေါ်ယူခွင့်ရှိတဲ့အချက်ကို ထည့်သွင်းချုပ်ဆိုခဲ့တာကြောင့် နောင်လာမယ့် ဘောလုံးရာသီမှာ လက်ရှိတိုက်စစ်အင်အားဖြစ်တဲ့ ဘင်ဇီမာ၊ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့နဲ့အတူ နောက်ထပ် ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦး ထပ်ပေါင်းစုဖွဲ့မှုကို မြင်တွေ့ရဖို့ရှိနေပါတယ်။

ရီးယဲလ်ဟာ အစ္စကို၊ ဗာရာနီ၊ ဒန်နီလို၊ ဂျက်စီ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ ကိုဗာဆစ်၊ ကက်ဆီလာ၊ ယာနက်ဇ်တို့ကို အရောင်းစာရင်းမှာ ထည့်ထားပေမယ့် အသင်းကနေ အဌားချထားတဲ့ လူးကပ်စ်ဆေးလ်ဗား၊ ဗယ်လန်ဂျို၊ အဆန်စီရို၊ ခိုရီရှက်ဗ်၊ ကွန်ထရာအိုတို့ကတော့ အသင်းနဲ့ပြန်လည်ပူးပေါင်းဖို့ အလားအလာရှိနေပါတယ်။

ဇီဒန်းဟာ ချန်ပီယံလီဂ်အောင်မြင်မှုကို ရှာဖွေနိုင်ပြီးနောက်မှာ လာမယ့်ရာသီအသင်းကို အထိုင်ကျတဲ့ပုံစံနဲ့တည်ဆောက်ဖို့ အားထုတ်နေပြီး ဂိုး-ဒီဂီယာ၊ နောက်တန်း- မာဆယ်လ်လို၊ ပီပီ၊ ရာမို့စ်၊ ကာဗာဂျယ်လ်၊ အလယ်တန်း- မိုဒရစ်၊ တိုနီခရူးစ်၊ ပေါ့ဘာ၊ ရှေ့တန်း- ရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့ဟာ ပုံမှန်ပွဲထွက်ကစားသမားဖြစ်လာမယ့်သူတွေလို့ ယေဘုယျသုံးသပ်ရပါတယ်။

ယူရို-၂၀၁۶ပြိုင်ပွဲတွင် အင်္ဂလန်အသင်း မအောင်မြင်နိုင်ဟု ဒ္ဓါင်ယော့ခ် သုံးသပ်

ယူရို-၂၀၁۶ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းသည် ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့် (၄)နေရာအထိရောက်ရှိနေသော်လည်း အရည်အသွေးမြင့် ကစားသမားရှားပါးမှုကြောင့် တကယ်တမ်းပြိုင်ပွဲဝင်ချိန်တွင် အောင်မြင်မှုရနိုင်ဖွယ်မရှိဟု မန်ယူကစားသမားဟောင်း ဒ္ဓါင်ယော့ခ်က သုံးသပ်သည်။ ရွိုင်းဟော့ဂ်ဆန်၏ နောက်ဆုံးကစားသမား ၂၃ ဦးစာရင်းမှာ ဟန်ချက်ညီမှုမရှိသလို ဂျာရတ်၊ ပေါလ်စဉ်းလ်တို့ကဲ့သို့ အရည်အသွေးမြင့်ကစားသမားတစ်ဦးတစ်ယောက်မျှ ပါဝင်ခြင်းမရှိသဖြင့် ပြိုင်ပွဲဆက်အနေအထားများသည့် ယူရိုဖလားပွဲတွင် အောင်မြင်မှုရှာဖွေရန်လည်း မလွယ်သေးဟု ဒ္ဓါင်ယော့ခ်က မှတ်ချက်ပြုသည်။

ရွိုင်းဟော့ဂ်ဆန်သည် ပဏာမ ၂၆ ဦးစာရင်းမှ တောင်းဆန်၊ ဒရင့်ဝေါတာ၊ ဖေဘီယန်ဒဲလ်ဖတို့ သုံးဦးအား ချန်လှပ်ခဲ့ပြီး ရက်ရှ်ဖို့ဒ်၊ ဝီရှိုင်းယားတို့ကို အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့သဖြင့် ဝေဖန်မှုများ ထွက်ပေါ်နေခြင်းဖြစ်သည်။

“ တောင်ပံထွက်ကစားနိုင်တဲ့ ကစားသမားအင်အားက မလုံလောက်ဘဲနဲ့ ကစားပေါက်တူတဲ့ ကစားသမားတွေကို စုပြုံရွေးထားတဲ့ ပုံစံဖြစ်နေတယ်။ စတာလင်းဟာ ဘယ်တောင်ပံမှ ထွက်ကစားနိုင်တာကြောင့် တောင်းဆန်ကို မဖြစ်မနေခေါ်ယူရမှာပါ။ အင်္ဂလန်မှာ လူငယ်ကစားသမားတွေ အများအပြား ပေါ်ထွက်လာတာဟာ ကျေနပ်စရာကောင်းပေမယ့် သူတို့ရဲ့ အင်အားလောက်နဲ့ တော့ ဒီနှစ်ယူရိုဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ မလွယ်လောက်ပါဘူး” ဟု ဒ္ဓါင်ယော့ခ်က ဆိုသည်။

ဘင်ဇီမာ၏ စွပ်စွဲချက်မှာ စိတ်မကောင်းစရာဖြစ်

ပြင်သစ်ကွင်းလယ်လူ ရှနိုက်ဒါလင်က တိုက်စစ်မျူး ဘင်ဇီမာ၏ နည်းပြ ဒက်စ်ချွမ့်စ်အပေါ် လူမျိုးရေးခွဲခြားသည်ဟု စွပ်စွဲမှုမှာ ဝမ်းနည်းစရာကောင်းပြီး ပြင်သစ်နိုင်ငံရေး ယုံကြည်ချက်ကို အရုပ်ဆိုးစေခဲ့ကြောင်း တုံ့ပြန်လိုက်သည်။

ပြင်သစ်နည်းပြ ဒက်ချွမ့်စ်မှာ လူမျိုးရေးခွဲခြားမှု ဖိအားကြောင့်သာ မိမိအား ပြင်သစ်လက်ရွေးစင်အသင်း လူစာရင်းတွင် ရွေးချယ်မှုမပြုခဲ့ခြင်းဖြစ်ကြောင်း တိုက်စစ်မျူး ကာရင်ဘင်ဇီမာက စွပ်စွဲပြောကြားခဲ့ပြီးနောက် ရှနိုက်ဒါလင်က ယခုကဲ့သို့ ဆိုခဲ့ခြင်းဖြစ်သည်။ ဘင်ဇီမာက ဒက်စ်ချွမ့်စ်မှာ လူမျိုးရေးခွဲခြားလွန်းသော အစွန်းရောက် လူမျိုးကြီးဝါဒီ နိုင်ငံရေးသမားများ၏ လွှမ်းမိုးမှုကြောင့် ခရစ်ယာန်ဘာသာဝင်မဟုတ်သော ကစားသမားအများစုကို ရွေးချယ်မှုမရှိသည်မှာ ထင်ရှားကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘင်ဇီမာမှာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ခြေစွမ်းကောင်းပြသနိုင်ခဲ့သော်လည်း ပြင်သစ်အသင်းဖော် ဗယ်လ်ဘူနာ၏ လိင်မှုညစ်ညမ်းခွေ ငွေညစ်ခြိမ်းခြောက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် ပြင်သစ်အသင်းတွင် ပါဝင်ခွင့်မရရှိသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ယခုရက်သတ္တပတ် အစောပိုင်းမှာပင် ပြင်သစ်အသင်းခေါင်းဆောင်ဟောင်း ကန်တိုနာက ဒက်စ်ချွမ့်စ်မှာ လူမျိုးရေးခွဲခြားမှုကြောင့် ဘင်ဇီမာ ယခုကဲ့သို့ ပြဿနာ ဖြစ်လာခြင်းအပေါ် “ချော်လဲရောထိုင်” ပြုမူကာ အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့ရာ ဒက်စ်ချွမ့်စ်က တရားဥပဒေကြောင်းအရ အရေးယူသွားမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ ပြင်သစ်အသင်းတွင် ဘင်ဇီမာအပြင် ဘင်အာဖာလည်း ပါဝင်လာခြင်းမရှိသောကြောင့် ဒက်စ်ချွမ့်စ်၏ ရွေးချယ်မှုအပေါ် ဝေဖန်မှုများ ရှိနေခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ယခင်အချိန်က ပြင်သစ်ကိုလိုနီပြုခဲ့သော နိုင်ငံအများစုမှ နိုင်ငံခြားသားများ လာရောက်အခြေချနေထိုင်လာကြခြင်းကြောင့် နိုင်ငံလက်ရွေးစင်အသင်းတွင် ပြင်သစ်လူမျိုးစစ်စစ်များထက် ပြင်သစ်နိုင်ငံဖွား မွေးစားနိုင်ငံသားအများအပြားကသာ နေရာရရှိနေကြသည်။

UKaid
Myanmar Rattan and Bamboo Entrepreneurs Association
Business Innovation Facility
WORLD BAMBOO DAY
ကမ္ဘာ့ ဝါးအထိမ်းအမှတ်နေ့
Myanmar Rattan and Bamboo Entrepreneurs Association
မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း
18th September 2016
International Business Centre, Yangon

Myanmar Ever Bright Star Travel & Tour
ဘဝးတဲ-မြဝတီ-မဲဆောက်(၃၉၀၀၀၀)/-ဇွန် ၁၇/၂၄ ရက် (၂ည/၃ရက်)
ပုပ္ပါး-ပုဂံ(ဇွယ်တော်လေးဆူ)-စလေ (၁၂၀၀၀)/- ဇူလိုင် ၁၇ ရက်
ဒွေဆောင်-ချောင်းသာ-ပေလီ (တစ်ညအိပ်၊ နှစ်ညအိပ်) နေ့စဉ်
အမှတ် ၁၇/၁၉၊ ၅၂ လမ်း၊ ဇိုလ်တဆောင်မြို့နယ်။ ၀၉-၂၅၀၅၅၅၅၉၊
ဖုန်း- ၀၁-၉၀၁၀၈၃၅၊ ၀၉ ၃၂၁၀၉၀၂၂၊ ၀၉ ၃၂၁၀၉၀၂၂။

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ကြိုက်မြေနေရာ ခရီးသွားနိုင်ရန်
ALPHARD (၇ယောက်စီး၊ ၈ ယောက်စီး)
HIACE (အံစာတုံး-၁၂ယောက်စီး၊ ၁၅ယောက်စီး)
ကားသစ်တြီးများဖြင့် ဝန်ဆောင်မှု ပေးပါသည်။
09 253 582510, 09 78 5158803

"စီးပွားရေးလုပ်လိုသူများအတွက် အထူးအခွင့်အရေး"

(၄)လမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ။ မျက်နှာ၀ 110'၊ Sqft 6324၊ ပါမစ်မြေ၊ စက်မှုဇုန်၊ ဒဂုံတက္ကသိုလ်၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မင်းရဲကျော်စွာ လမ်းနှင့်ကျန်စစ်သားလမ်းဆုံလမ်းထောင့်၊ မျက်နှာစာရှေ့တွင် ကားရပ်နားရန် 10'ကျန်ရှိပြီး၊ စားသောက်ဆိုင်ဖွင့်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူ များအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ ၎င်းမြေ ကွက်အနီးအနားတွင် ဘဏ်များမရှိသောကြောင့် ဘဏ်ဖွင့်လိုသူများ အတွက် အထူးအခွင့်အရေး။ ကျပ်သိန်း(၃၀၀၀)

ဆက်သွယ်ရန် ဖုန်း-09-5178979, 09-43022828,09-420301091

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ခရိုင်မြို့သစ်မြေမောက်ခိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊မြေကွက်အမှတ်(၆၃၂)၊ မြေကွက်တည်နေရာအမှတ်(၆၃၂)ဦးလုပ်ပေလမ်းရဝ၄-ရပ်ကွက်၊ခရိုင်မြောက်ပိုင်းဦးဦးဆေးသန်း(KTN-၀၇၀၇၇)အမည်ပေါက်နေစဉ် (၆၀)ကရန်မြေအားအမည်ပေါက်ဦးဆေးသန်း(ဇင်မွန်း)ကွယ်လွန်သမျှကြာတဲ့ဦးတည်းသောဆွေးမြီးဖြစ်သူ၊ သန်းနှိုး(၁၂/အရန(နိုင်)၁၄၄၆)မှမိခင်ဖြစ်ကြောင်းကျွန်းကျိန်လျှောဘေး ၊ကော်မက္ကင်ဆောက်ဝိုက်ကျွန်းကျိန်လျှော(၂)ဆောင်ဇင်ပွန်းသေစာရင်းနှင့်ငင်းတိုမှအတွေ့ရှိ ကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၅၁/၂၀၁၃) ရာသီပြီးသက်ဝိုင်ဖိ(၁/၁ဂမ(နိုင်)၁၂၁၁၄) မှပါ၀ါပေးသွားသက်ရှိထင်ရှားရှိကြောင်းနှင့် ၀ါ၀ါရေတပ်သိမ်းသေးကြောင်းကျမ်းကျိန်ရှာ တိုက်ခင်ပြည့်ဖိုင်-ဆိုင်ကြောင်း-အရောင်းစာချုပ် ရန်မြေပ်ကွေးလျှောက်ထားလာရာတရားဝင် နိုင်လိုသောအစောက်အထားများပြင့်ဘ့ဲ ကြော်ငြာပါသည်။အမှတ်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ၊ကြောင်းနှင့်ကန့်ကွက်မှုမရှိ ပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါ၊ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဖြိုခြမ်းကိုန်းနှင့်မြေစိမ်းခန့်ခြံဥယျာဉ် ရန်ကုန်မြို့တော်ရဲပင်သာယာရေးဧကာဝမ်း

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အိတ်ပိတ်တင်ဒါ(၂/၂၀၁၆)

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ စေတီရံများ ရွှေဖြိုက် ဟောင်းများခွာယူခြင်းမှ ရရှိလာသော အောက်ပါပစ္စည်းများအား အိတ်ပိတ်တင်ဒါဖြင့် ဈေးနှုန်းများတင်သွင်းနိုင်ပါသည်-

(က) ရွှေလှောင်စတ္တူ - ၄၁၂၃လိပ်
(ခ) သစ်ဝွမ်း - ၄၁၀ ၁/၂ကျပ်သား
(ဂ) ကြောင်ချေး - ၁၇၂၄ကျပ်သား

၂။ အိတ်ပိတ်တင်ဒါစည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးတွင် ၂၀၁၆ခုနှစ်၊ ဇွန်လ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ နောက်ဆုံးထားပြီးတင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄



မိဘအမည်မှန်

နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်၊ အထက(၁)တွင် ပညာသင်ကြားနေသော စိုင်းစွမ်ဆိုင်ဝမ်း(နေ၀မာန်း)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင်ပီး [၁၃/နခန(နိုင်)၀၃၆၉၆၃]ဖြစ်ပြီး၊ မိခင်အမည်မှန်မှာ ဒေါ်နန်းဖွားမေ [၁၃/နခန(နိုင်)၁၅၅၂]ဖြစ်ကြောင်း။

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်၊ အမက(၂)တွင် ပညာသင်ကြားနေသော နန်းယင်းခမ်း(တတိယတန်း)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင်ဝီး [၁၃/နခန(နိုင်)၀၃၆၉၆၃] ဖြစ်ပါကြောင်း။

အမည်ပြောင်း

မအူပင်မြို့၊ အထက(၁)အဌမတန်း(A)မှ (ဘ)ဦးထွန်းထွန်းလတ် [၁၄/မအပ(နိုင်)၅၅၁၇၆၁]၏ သမီး မမေသော်သော်ထွန်း အားယနေ့မှစ၍ မမေသီရိလင်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မမေသီရိလင်း**

ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အထက အဌမတန်း(B)မှ မောင်ချမ်းဗြိမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သက် [၁၂/သလန(နိုင်)၀၈၁၉၉၄] ဖြစ်ပါသည်။ **ဦးမောင်မောင်သက်**

ပျောက်ဆုံးကြောင်း

ကျွန်မ မထက်ထက်ထူးလွင် [၁၂/ကမတ(နိုင်)၀၇၅၈၈၁]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၅၅၄၄

ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အထက ဒသမတန်း(ဘောဂတွဲ)မှ မောင်မင်းသူနိုင်နှင့် ကျောက်တန်းမြို့နယ် ကဒပ္ပနကျေးရွာအလယ်တန်းကျောင်းခွဲ၊ အဌမတန်းမှ မအိပွင့်ဖြူတို့၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းဟန် [၁၂/ကတန (နိုင်)၀၉၄၅၅၉] ဖြစ်ပါသည်။ **ဦးမင်းမင်းဟန်**

မိခင်အမည်မှန်

မအူပင်မြို့၊ အထက(၃)၊ နဝမတန်း(A)မှ မအိသန္တာထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဖြူ [၁၄/မအပ(နိုင်)၂၀၀၄၃၂]ဖြစ်ပါကြောင်း။

သွေးသည်အသက်

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၈နှင့်ဆက်နွယ်သည့်
၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၈

မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်
(၎င်း၏အခွင့်ရကိုယ်စား ဦးထွန်း **နှင့်** ဦးဇေယျာလင်း ဇေယျာဦး၊ လက်ထောက်အထွေထွေမန်နေဂျာ)
(ဒီကရီအနိုင်ရသူ) **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ (၂)လမ်း၊ အမှတ်(၃၅)နေ (ယခုနေရပ်လိပ်စာမသိ) ဦးဇေယျာလင်း သိစေရမည်။

၂၀၁၅ခုနှစ်၊တရားမကြီးမှုအမှတ်-၁၄၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကုမ္ပဏီလီမိတက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလုပ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဇွန်လ ၃၀ ရက် (၁၃၇၈ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သိန်းသိန်းနှင်း)**

ဒုတိယခရိုင်တရားသူကြီး(၁၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ဒေါ်ခိုင်မူယာ [၁၃/တကန(နိုင်)၀၀၀၈၅၂]သည် ကျွန်ုပ်နှင့်မိသားစုအပေါ်တွင် စိတ်ဆင်းရဲစေသော ကိစ္စများပြုမူဆောင်ရွက်ခဲ့သည့်အတွက် ဒဏ္ဍီဏာခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခိုင်မူယာနှင့် ပတ်သက်သော ကိစ္စအ၀ေအား ကျွန်ုပ်အနေဖြင့် သက်ဆိုင်မှုမရှိပါကြောင်းနှင့် တာ၀နယ်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးကျော်မင်း[၁၂/ဥကတ(နိုင်)၁၅၁၅၀၂]**

ကိုဘို့ဆေးအဖြစ်မှ စွန့်လွှတ်ခြင်းကြောင်းကြေငြာခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၆၃) တတိယထပ်၊ ခေါင်းရင်းခန်းနေ ကျွန်မ ဒေါ်မြင့်မြင့်ဟန် (၁/ပဇတ(နိုင်) ၀၀၉၂၆၅)မှ ဘုံဖြစ်သူ မောင်သူရမြိုမင်း(၁/လမန(နိုင်)၁၃၅၅၈၁)အား ကိုဘို့ဆေးအဖြစ်မှ မွေးစား ခဲ့သော်လည်း ကျွန်မအား မိဘသဖွယ် ပြုစုစောင့်ရှောက်ခြင်း၊ နေဘိမ်ဘ်လည်း နေထိုင်ခြင်းမရှိပါ။ ထို့အပြင် (၁.၆.၂၀၁၆) ရက်နွဲ့ဖြင့် ကြေးမုံသတင်းစာ၌ "အများပြည်သူ သိရှိစေရန် ကြော်ငြာဖြင့် "စိတ်သဘောထား သာမန်အခြေအနေမရှိပါ"ဟု မဟုတ်မမှန် ကြေငြာထားသည့်အပြင် ကျွန်မအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မစ၍ ကဏ္ဍိမသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါကြောင်း။

ဒေါ်မြင့်မြင့်ဟန် (၁/ပဇတ(နိုင်) ၀၀၉၂၆၅)

လူပျောက်ကြော်ငြာ

အမှတ်-၈၂ ဆောင်ဇေယျလမ်း၊ မြောက်ပိုင်း သန္ဓေပင်ကျေးရွာ မော်ဘီ မြို့နယ်နေ ဦးဝင်းဇော်လင်း[၁/ကမရ(နိုင်)၀၄၄၂] ၏ ဝမ်း ဒေါ်ဖိုးဖိုးခိုင်နှင့် သမီး ရွှန်းလဲ့သဠာလင်း တို့သည် ၂၂-၅-၂၀၁၆ ရက်နေ့ (၁၄:၀၀)အချိန်မှစ၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးဝင်းဇော်လင်း(ဖုန်း-၀၉၉၇၁၀၉၉၆၆၈)

ရက် ၁၀၀ အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေး

နတ်မောက် ဇွန် ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ဆောင်မှုများဆောင်ရွက်ပေးမည့် OSS (One Stop Shop)ရုံး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် ဇွန် ၂ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြေးအောင်က နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ ဖွင့်လှစ်ထားရှိသော OSS ရုံးတွင် ပြည်သူတို့၏ လုပ်ငန်းလိုအပ်ချက်များကို တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် ပြီးစီးနိုင်ရေးအတွက် ဌာနဆိုင်ရာ ကိုးခုမှ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

သက်ဆိုင်ရာဌာနများမှ OSS ရုံးတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသီးသီးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ခင်ဦး၌ပထမရက် ၁၀၀တွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်

ရွှေဘို ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရုံးစုအုပ်စု ညောင်ပင်ကြီးစုကျေးရွာ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ပထမ ရက် ၁၀၀ တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ဆေးရုံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ညောင်ပင်ကြီးစုတိုက်နယ်ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းဆေးရုံသစ်ကို MAS ကုမ္ပဏီက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၉ ဒသမ ၉၉ ဖြင့် တိုက်နယ်ဆေးရုံ ပင်မဆောင် တစ်ဆောင်၊ ဆရာဝန်နေအိမ် တစ်လုံး၊ သူနာပြုဆောင် လေးခန်းတွဲတစ်လုံး၊ အခြားအဆင့်နေအိမ် သုံးခန်းတွဲတစ်လုံး၊ အောက်ခြေဝန်ထမ်းများနေရန် လေးခန်းတွဲ တစ်လုံး၊ စုစုပေါင်း အဆောက်အအုံ၁၊်းလုံးကို နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သည်။

ညောင်ပင်ကြီးစုတိုက်နယ်ဆေးရုံသစ်ကို ဖွင့်လှစ်နိုင်သည့်အတွက် ညောင်ပင်ကြီးစု ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာ ၂၂ ရွာ၊ အိမ်ခြေ ၄၀၆၅ အိမ်၊ လူဦးရေ ၂၀၀၇၁ ဦး၊ မြင်းဒေါင်း ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၄၁၀၆ အိမ်၊ လူဦးရေ ၂၂၀၆၃ ဦး၊ ပေါင်းလဲကုန်း ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၈၂၄ အိမ်၊ လူဦးရေ ၄၄၇၂ ဦး၊ စုစုပေါင်းကျေးရွာ ၄၆ ရွာ၊ စုစုပေါင်းအိမ်ခြေ ၈၉၉၅ အိမ်၊ စုစုပေါင်းလူဦးရေ ၄၆၆၀၆ ဦး တို့အား အလွယ်တကူ ဆေးဝါးကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရောင်နီတင်ဝင်း

ရက် ၁၀၀ စီမံချက်ဖြင့် တိုက်ကြီးမြို့နယ်၌ ကျွဲနွားများကို ကာကွယ်ဆေးထိုးနှံ

တိုက်ကြီး ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် အဖျောက်မြို့ တာဝန်ခံဒေါက်တာချမ်းမြေကျော်နှင့်အဖွဲ့သည် ကျေးရွာများတွင် မွေးမြူထားသော ခိုင်းကျွဲ၊ ခိုင်းနွားများကို ကူးစက်ရောဂါများမဖြစ်ပွားရန် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇွန် ၂ ရက်တွင် အင်းတရာ အစုကြီးကျေးရွာမှ ကျွဲ၊ နွားအကောင် ၁၅၀ ကို ဒေါင့်သန်းရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ် ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာများတွင် ယနေ့အထိ ကျွဲ၊ နွား ၇၇၄ ကောင် အားလည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ယင်းအပြင် ရပ်ကွက်ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ဒေသကြက် အကောင် ၃၀၀ အား အိုင်တူးကြက်လည်လိမ်ကာကွယ်ဆေး၊ မျက်-စဉ်း ခတ်ပေးခြင်း၊ ဝက်အကောင် ၈၀ ကို ဝက်ဝမ်းလျှော ကာကွယ်ဆေးထိုးပေးခဲ့သည်။

ၛင်းအပြင် အဖျောက်မြို့ပေါ် ရပ်ကွက်များရှိ အိမ်မွေး ခွေး ၄၅ ကောင်ကို ခွေးရူးကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ အဖျောက်မြို့ရှိ ကျေးရွာများတွင် မိုးတွင်းကာလ၌ ရေကြီးရေလျှံ ဖြစ်ပေါ်လေ့ရှိသဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် မွေးမြူထားသော ကျွဲ၊ နွားများကို ကူးစက်ရောဂါမဖြစ်ပွားရန် ကြိုတင်ကာကွယ်ဆေးထိုးနှံပေးသဖြင့် လယ်သမားများ၊ မွေးမြူရေးသမားများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ရက် ၁၀၀ စီမံချက်ဖြင့် မြေဌားဂရန်ထုတ်ပေးနိုင်ရေးဆောင်ရွက်

ဘီးလင်း ဇွန် ၄

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် အနိုင်းပွန်ကျေးရွာအုပ်စုကို မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အဆင့် ကျေးရွာမြေဌားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့သည် ဇွန် ၂ ရက်က ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ အသိပညာပေး ရှင်းလင်းခဲ့ကြသည်။

မြေဌားဂရန် လျှောက်ထားခွင့်ရှိသူများက မြေဌားဂရန်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များနှင့် မြို့နယ်မြေဌားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းစဉ်များကို မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ရှင်းလင်းဆွေးနွေးပြီး မြို့နယ်လုပ်ငန်းအဖွဲ့ဝင်အသီးသီးတို့ကလည်း မိမိဌာနနှင့်သက်ဆိုင်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ GPS စနစ်ဖြင့် ကွက်ကျဲတိုင်းတာချက်အရ အနိုင်းပွန်ကျေးရွာတွင် မြေဧရိယာ ၃၅ ဒသမ ၆၆ ဧကရှိပြီး အိမ်ခြေ ၁၆၀ အတွက် ရက် ၁၀၀ အတွင်း မြေဌားဂရန်ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အေးမျိုးမျိုးစံ (ပြန်/ဆက်)

ရက် ၁၀၀ စီမံချက်ကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဇွန် ၂ ရက်က ပြည်နယ်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်တန်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသို့ ချင်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယူနီဆက် (မြန်မာ)မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်အား ရေးဆွဲထားမှုအခြေအနေနှင့် ချင်းပြည်နယ်တွင် လူမှုကာကွယ်စောင့်ရှောက် ရေးလုပ်ငန်းများ ကိုကနဦး အစီအစဉ်များအနေဖြင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ဖြစ် နိုင်ခြေရှိသည့် နည်းလမ်းများကို ညှိနှိုင်းဖော်ထုတ်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်၌ ရေးဆွဲထားသောလုပ်ငန်းအစီအစဉ် ရှစ်ရပ်အနက် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ကြေးမုံ

ရက် ၁၀၀ စီမံချက်မိုးရာသီစိုက်ပျိုးစရိတ်ငွေများကို စက်တင်ဘာလကုန်ထိ နောက်ဆုံးထား ထုတ်ချေးမည်

ကျောက်ကြီး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ များကို မေ ၁၇ ရက်မှ စတင်ကာ တောင်သူလယ်သမားများသို့ ထုတ်ချေးပေးလျက်ရာ စက်တင်ဘာလကုန်ထိ နောက်ဆုံးထား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မေ ၁၇ ရက်က ကျောက်ပုံလယ်ကျေးရွာ အုပ်စုကို စတင်ငွေချေး ပေးပါတယ်။ နောက်ဆုံးရက်ကိုတော့ ၉ လပိုင်းကုန်ထိ သတ်မှတ်ပေးထားပါတယ်" ဟု ကျောက်ကြီးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးသက်လွင်က ပြောသည်။

ကျေးရွာအုပ်စု ၃၃ အုပ်စုရှိ ယမန်နှစ် လယ်ဧကပေါင်း ၅၂၀၃၇ ဧကရှိ ခွဲပြီး ယခုနှစ်တွင် လျာထားငွေကျပ်သိန်း ၇၈၀၅၅ လျာထားကြောင်း ၎င်းကဆိုသည်။

ယခင်နှစ်တွင် လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းချေးရာမှ ၂၀၁၆-၂၀၁၇ မိုးရာသီ စိုက်ပျိုးစရိတ်အဖြစ် ယခုနှစ်မှစတင်ကာလယ်မြေတစ်ဧကအတွက် ငွေကျပ်တစ်သိန်းခွဲ တောင်သူများအား ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ကြီးမြို့ရုံးမှ သိရသည်။

ကိုကျောက်ကြီး

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေး

ဧရာဝတီ
ဇွန် ၅၊ ၂၀၁၆ (တနင်္ဂနေ့)

စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးကိုဖော်ဆောင်မည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀

သတင်းဆောင်းပါး - သူရဇော(သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ရဲခေါ (သတင်းစဉ်)

အချိန်နှင့်အမျှ အစိုးရဌာနအဖွဲ့အစည်းများအပေါ် ပြည်သူလူထုအတွက် တာဝန်ခံမှုတောင်းဆိုချက်သည် ကမ္ဘာအနှံ့ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ချွင်းချက်မရှိပါဝင်လျက်ရှိသည်။ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူ့အတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှုရှိသည်ကို စိစစ်သုံးသပ်နိုင်ရန် စစ်ဆေးအစီရင်ခံတင်ပြနိုင်မှသာလျှင် ပြည်သူလူထုအတွက် တာဝန်သိမှုကို ထိမြင်စေမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီနှံ့ဒီမိုကရေစီအထွေထွေ ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုစာရင်းကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဏက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုစာရင်းကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း။

နိုင်ငံတိုင်းတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ကိုယ်စား နိုင်ငံသားအားလုံးပိုင်ဆိုင်သည့် သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တာဝန်ခံစီမံဆောင်ရွက်ရသည်။ အစိုးရအဖွဲ့၏ သယံဇာတအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုအခြေအနေအရရပ်ရပ်ကို ပြည်သူများအားရှင်းလင်းတင်ပြရန် တာဝန်ရှိသည်ဖြင့် အစိုးရအဖွဲ့နှင့် လွတ်ကင်းသော စာရင်းစစ်အဖွဲ့အစည်းကို သီးခြားဖွဲ့စည်း၍ ပြည်သူ့ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု၊ အစိုးရ၏လုပ်ငန်းစီမံကိန်းများသည် ပြည်သူလူထု၏မျှော်မှန်းချက်များ၊ ဆန္ဒသဘောထားများနှင့် ကိုက်ညီမှုအခြေအနေကို စဉ်ဆက်မပြတ် သမာသမတ်ကျကျ အကဲဖြတ်လုပ်ဆောင်ရန် အမြင့်ဆုံးစစ်ဆေးရေးအဖွဲ့အစည်းအဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုတွင် ရင်ဆိုင်နှင့် သုံးငွေ၊ ရရန်ရှိငွေနှင့် ပေးရန်ရှိငွေတို့သည် အရေးကြီးပြီး အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပဂ္ဂလိကကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဘဏ္ဍာရေးပိုင်း၊ စာရင်းပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိရန် ရင်ဆိုင်နှင့် သုံးငွေ၊ ရရန်ရှိငွေနှင့် ပေးရန်ရှိငွေတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် စာရင်း၏ စာရင်းစစ်မှားနှင့်အညီ စနစ်တကျ ပြုစုထားရှိနိုင်ရန် အမှန်တကယ်လိုအပ်သည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်တွင် ဦးစားပေးထည့်သွင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရသည်။

"စာရင်းရဲ့ ဖြစ်ပေါ်ရာအခြေအမြစ်က လုပ်ငန်းဖြစ်ပြီး ပခန၊ကျတဲ့လုပ်ငန်းကို အဓိကထား စစ်ဆေးမှသာလျှင် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်"ဟု ပြည်သူ့ငွေစာရင်းစစ်ဆေးရေးအရာရှိဟောင်းတစ်ဦးက မြန်မာနိုင်ငံ၏ စာရင်းစစ်လုပ်ငန်းအပေါ် သုံးသပ်ပြောကြားသည်။

စာရင်းစစ်ဆေးရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှုသည် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမှာ၊ ငွေကြေးဆိုင်ရာ အလွဲသုံးစားပြုမှုများနှင့် အခွန်တိမ်းရှောင်မှုများကို နိုင်ငံအတွက် ကာကွယ်ပေးနိုင်သည့်အပြင် ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမှန်တကယ်လိုအပ်သည့် စီမံကိန်းများကို အစိုးရအဖွဲ့အနေဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ဆုံးဖြတ်နိုင်ပေမည်ဖြစ်သည်။

ထို့ကြောင့် စာရင်းစစ်ဆေးရေးလုပ်ငန်းတာဝန်များကို စစ်ဆေးရသည့် အဖွဲ့အစည်းကို အုပ်ချုပ်ရေးအဖွဲ့မှ သီးခြားခွဲခြား၍ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရွေးရွေးလျက် သက်ဆိုင်ရာသို့ ဓမ္မဓိဌာန်ကျကျ တင်ပြအစီရင်ခံနိုင်မည်ဖြစ်ပြီး စာရင်းစစ်ဆေးရေး၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်လွတ်လပ်စွာစီမံခန့်ခွဲဆောင်ရွက်နိုင်ဖို့ လိုအပ်နေပါတယ်။ စာရင်းစစ်ချုပ်ရုံးရဲ့ တာဝန်ခံမှု၊ တာနာယူမှုတွေကို လွတ်တော်ကတစ်ဆင့် ပြည်သူကိုအသိပေးနိုင်ရင် ပိုကောင်းပါတယ်" ဟု လွတ်တော်ပြည်သူ့ငွေစာရင်းကော်မတီဝင် ဟောင်းတစ်ဦးက သုံးသပ်ပြောကြားသည်။

ပြည်သူ့ဝတ္ထိုပြဿနာ၊ ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသော အစိုးရဖော်ဆောင်မှုတို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများသည် အလွန်အရေးကြီးသည့်အပြင် လာဘ်ပေးလာဘ်ယူမှု လုပ်ငန်းစဉ်တွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ အားနည်းချက်များ၊ ချိုယွင်းချက်များသည် ထိရောက်သော အရေးယူမှုပြုလုပ်နိုင်ရန် အလွန်ပံ့ပိုးကျသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဌာနေအဆင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဦးမော်သန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဦးမော်သန်း ပြုလုပ်ရန်လည်း စာရင်းစစ်တစ်ဦး၌ တာဝန်ရှိသည်။ ဝိသေသဖြစ်၍ စစ်ဆေးခြင်းဟူသော စကားရပ်သည် အကောင်းဘက်သို့ဦးတည်ပြီး အပြုသဘောဆောင်သည်ဟု စာရင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက လက်ခံကျင့်သုံး လျက်ရှိသည်။

စာရင်းစစ်ဆေးခြင်း၏ ရလဒ်များအနက် မြန်မာနိုင်ငံရှိ မြစ်ရေတင်စီမံကိန်းနှင့် မြစ်ရေတင်လုပ်ငန်း ၆၇ ခုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်းစစ်ဆေးခဲ့ရာ မူလလျာထားသည့် အကျိုးပြုစကာ ၂၉၉ဘဏ္ဍာ အနက် အမှန်ရေပေးဝေနိုင်သည့် စကား ၄၈ စကရဝ၃ စီမံကိန်းလျာထားချက်၏ ၁၆ ဒသမ ၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိအစီရင်ခံတင်ပြနိုင်သည့်အတွက် အစိုးရအဖွဲ့နှင့် လွတ်တော်မှသိရှိ၍ ပြည်သူ့ဘဏ္ဍာငွေအလုံးအရင်းဖြင့် တည်ဆောက်မည့် မြစ်ရေတင်စီမံကိန်းများကို ရပ်ဆိုင်းခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ဘဏ္ဍာ လေလွင့်ပြန်းတီး၍ ပြည်သူများအတွက် အမှန်တကယ်အကျိုးမရှိသည့် လုပ်ရပ်များကို တားဆီးနိုင်ခဲ့သည်။

ထိုကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လက်အောက်တွင် ထားရှိခြင်းထက် လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုထိရောက်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု လွတ်တော်ကိုယ်စားလှယ်များနှင့် အလွတ်တန်းစာရင်းစစ်ပညာရှင်များက အခါအခွင့်သင့်တိုင်း တိုက်တွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ၌ အစိုးရ၏ အုပ်ချုပ်မှုစရိတ်အသက်သာဆုံးဖြစ်ရန် စာရင်းပြုစုသည့် လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်မည် မြန်မာနိုင်ငံ စာရင်းစစ်ဌာနကို ၁၈၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်အထိ တည်ရှိခဲ့သည်။ ၁၉၇၂ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသည့် အုပ်ချုပ်ရေးပုံစံများအလိုက် ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ဆောင်ရွက်ခဲ့ရပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖြစ် ပြောင်းလဲသတ်မှတ်၍ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့်ကိုက်ညီသည့် လွတ်လပ်သည့် စာရင်းစစ်ဌာနဖြစ်ရန် ဆောင်ရွက်လျက်ရှိသည်။

"အမှန်က စာရင်းစစ်ချုပ်ကို နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်အပ်တာထက် လွတ်တော်က ရွေးချယ်တာဝန်ပေးခန့်အပ်ပြီး တာဝန်ခံမှုပြုလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ဒါမှစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူ့တွေ ပြုလုပ်ရန်လည်း စာရင်းစစ်တစ်ဦး၌ တာဝန်ရှိသည်။ သို့ဖြစ်၍ စစ်ဆေးခြင်းဟူသော စကားရပ်သည် ကျွန်ုပ်တို့ကိုယ်စား ကျွမ်းကျင်ပညာရှင်များက လက်ခံကျင့်သုံး လျက်ရှိသည်။

စာရင်းစစ်ဆေးခြင်း၏ ရလဒ်များအနက် မြန်မာနိုင်ငံရှိ မြစ်ရေတင်စီမံကိန်းနှင့် မြစ်ရေတင်လုပ်ငန်း ၆၇ ခုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်းစစ်ဆေးခဲ့ရာ မူလလျာထားသည့် အကျိုးပြုစကာ ၂၉၉ဘဏ္ဍာ အနက် အမှန်ရေပေးဝေနိုင်သည့် စကား ၄၈ စကရဝ၃ စီမံကိန်းလျာထားချက်၏ ၁၆ ဒသမ ၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိ အစီရင်ခံတင်ပြနိုင်သည့်အတွက် အစိုးရအဖွဲ့နှင့် လွတ်တော်မှသိရှိ၍ ပြည်သူ့ဘဏ္ဍာငွေ အလုံးအရင်းဖြင့် တည်ဆောက်မည့် မြစ်ရေတင်စီမံကိန်းများကို ရပ်ဆိုင်းခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ဘဏ္ဍာ လေလွင့်ပြန်းတီး၍ ပြည်သူများအတွက် အမှန်တကယ်အကျိုးမရှိသည့် လုပ်ရပ်များကို တားဆီးနိုင်ခဲ့သည်။

ထိုကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လက်အောက်တွင် ထားရှိခြင်းထက် လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုထိရောက်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု လွတ်တော်ကိုယ်စားလှယ်များနှင့် အလွတ်တန်းစာရင်းစစ်ပညာရှင်များက အခါအခွင့်သင့်တိုင်း တိုက်တွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ၌ အစိုးရ၏ အုပ်ချုပ်မှုစရိတ်အသက်သာဆုံးဖြစ်ရန် စာရင်းပြုစုသည့် လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်မည် မြန်မာနိုင်ငံ စာရင်းစစ်ဌာနကို ၁၈၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်အထိ တည်ရှိခဲ့သည်။ ၁၉၇၂ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသည့် အုပ်ချုပ်ရေးပုံစံများအလိုက် ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ဆောင်ရွက်ခဲ့ရပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖြစ် ပြောင်းလဲသတ်မှတ်၍ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့်ကိုက်ညီသည့် လွတ်လပ်သည့် စာရင်းစစ်ဌာနဖြစ်ရန် ဆောင်ရွက်လျက်ရှိသည်။

"အမှန်က စာရင်းစစ်ချုပ်ကို နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်အပ်တာထက် လွတ်တော်က ရွေးချယ်တာဝန်ပေးခန့်အပ်ပြီး တာဝန်ခံမှုပြုလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ဒါမှစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူ့တွေ ကိုယ်စား အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှု တွေကို စောင့်ကြည့်ပြီး လွတ်လပ်၍ အနှောင့်အဖွဲ့ကင်းကင်းနဲ့စစ်ဆေးပြီး ပြည်သူကို အစီရင်ခံတင်ပြနိုင်မှာ ဖြစ်ပါတယ်"ဟု စာရင်းစစ်ဆိုင်ရာ ပြင်ပအကြီးတန်းအရာရှိတစ်ဦးက လည်း အကြံပြုပြောကြားသည်။

သတ်မှတ်ပြဋ္ဌာန်းထားသော မူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်၏ နှစ်ရည်၊ နှစ်တို့နှင့် နှစ်ဝဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်ရာ၌ လူအင်အား၊ ပစ္စည်းအင်အား နှင့် ငွေကြေးအင်အားတို့ကို ထိရောက်စွာ အသုံးပြုမှသာ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုရှိပြီး ပြည်သူတို့အတွက် အကျိုးသက်ရောက်စေမည် ဖြစ်သည်။ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုရှိရန်မှာ ဆောင်ရွက်သော လုပ်ငန်းများ၌ ငွေကြေးနှင့် ပစ္စည်းများ လေလွင့်ပြန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှုနှင့် အလွဲသုံးစားမှုများ နည်းနိုင်သမျှ နည်းပါးစေရန်အတွက် ကြိုးကြပ်ကွပ်ကဲထိန်းချုပ်ရန်မှာ လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းအသီးသီးတွင် အဓိကတာဝန်ရှိသည်။

တာဝန်ရှိသော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြင်ပမှထပ်ဆင့် စစ်ဆေးထိန်းချုပ်ပေးခြင်းအားဖြင့် လုပ်ငန်းအောင်မြင်ရေးအတွက် ပိုမို၍ထိရောက်ပြီး အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ သို့ဖြစ်၍ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကို သီးခြားလွတ်လပ်စွာ စစ်ဆေး အစီရင်ခံနိုင်ရန်အတွက် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများကို ဖွဲ့စည်းရန်နှင့် စစ်ဆေးမည့် ဥပဒေကို ပြည်ထောင်စုလွတ်တော်က ပြဋ္ဌာန်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ ကိုယ်စား အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို စောင့်ကြည့်ပြီး လွတ်လပ်၍ အနှောင့်အဖွဲ့ကင်းကင်းနဲ့စစ်ဆေးပြီး ပြည်သူကို အစီရင်ခံတင်ပြနိုင်မှာ ဖြစ်ပါတယ်"ဟု စာရင်းစစ်ဆိုင်ရာ ပြင်ပအကြီးတန်းအရာရှိတစ်ဦးက လည်း အကြံပြုပြောကြားသည်။

စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ယင်းသို့ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုကို အပြန်အတားဖြစ်စေမည့် လေလွင့်ပြန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှုနှင့် အလွဲသုံးစားမှုများ နည်းနိုင်သမျှ နည်းပါးစေရန်အတွက် ကြိုးကြပ်ကွပ်ကဲထိန်းချုပ်ရန်မှာ လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းအသီးသီးတွင် အဓိကတာဝန်ရှိသည်။

တာဝန်ရှိသော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြင်ပမှထပ်ဆင့် စစ်ဆေးထိန်းချုပ်ပေးခြင်းအားဖြင့် လုပ်ငန်းအောင်မြင်ရေးအတွက် ပိုမို၍ထိရောက်ပြီး အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ သို့ဖြစ်၍ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကို သီးခြားလွတ်လပ်စွာ စစ်ဆေး အစီရင်ခံနိုင်ရန်အတွက် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများကို ဖွဲ့စည်းရန်နှင့် စစ်ဆေးမည့် ဥပဒေကို ပြည်ထောင်စုလွတ်တော်က ပြဋ္ဌာန်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ အနေဖြင့် ပေးအပ်ထားသည့် စာရင်းစစ်ဆေးရေးတာဝန်များ၏ လုပ်ငန်းစဉ်များသည် တာဝန်ခံမှု(Accountability) ပိုမိုတိုးတက်စေရေး၊ ထင်သာမြင်သာရှိမှု (Transparency) ပိုမိုတိုးတက်စေရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေကြေးသုံးစွဲမှုအပိုင်းတွင် ဖြိုးခြွေတာပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိရွာ ထိရောက်အကျိုးရှိစေမည့် အချက်အလက်များ အကြံဉာဏ်များဖြင့် ပံ့ပိုးရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းများ အားလုံးတွင် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျရှိစေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ လိုက်နာဆောင်ရွက်ကြစေရေး ဝန်ထမ်းများသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြစေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများက ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များ အပေါ် ပြုပြင်ပေးခြင်း၊ တည့်မတ်ပေးခြင်း၊ ထောက်ပြပေးခြင်း၊ ကန့်ကွက်ချက်များ ထုတ်ပြန်၍ ပြုပြင်မှုများကို ဆောင်ရွက်စေလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဆောင်ရွက်လျက်ရှိသည်။

"ပြည်သူလူထုအခြေပြုတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်ဆေးဆောင်ရွက်ရာမှာ စာရင်းစစ်ဝုဏ်သိက္ခာ၊ သမာဓိ၊ ကျင့်ဝတ်များနဲ့အညီ ဆောင်ရွက်ကြပြီး ဝန်ထမ်းတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်း ပိုမိုတိုးတက်လာစေဖို့ ပြည်တွင်း ပြည်ပသင်တန်းနဲ့ ဆွေးနွေးပွဲတွေကို စေလွှတ်ခြင်း၊ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချခြင်းနဲ့ အလုပ်ရဲ့ဆွေးနွေးပွဲတွေကို အခါအားလျော်စွာကျင်းပခြင်း စတဲ့နည်းလမ်းများနဲ့ ကြိုးပမ်းဆောင်ရွက်သွားမယ့်အပြင် ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးလုပ်ငန်းတွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောသည်။

■

စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေသည်ကို တွေ့ရစဉ်။

ဝန်ထမ်းတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်း ပိုမိုတိုးတက်လာစေရန် စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေသည်ကို တွေ့ရစဉ်။

ကြေးမုံ
ဇွန် ၅၊ ၂၀၁၆ (တနင်္ဂနေ့)

ရက် ၁၀၀ စီမံချက်ဖြင့် သတင်းစီးဆင်းမှုမြန်ဆန်စေရေး လက်တွေ့သင်တန်းပို့ချ

မုံရွာ ဇွန် ၄

အနယ်နယ်အရပ်ရပ်မှ ပြည်သူ့အသံများကို နားထောင်ပြီး ပြည်သူစိတ်ဝင်စားသည့်သတင်းများကို တင်ပြနိုင်ရန်နှင့် ပြည်သူကိုမျက်နှာမူပြီး ပြည်သူသိလိုသည့်သတင်းများကိုဖော်ပြပေးနိုင်ရေး ဆောင်ရွက်ရာတွင် သတင်းများအပြန်အလှန်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးရည်ရွယ်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် သတင်းလုပ်ငန်းလက်တွေ့သင်တန်းအား ဇွန် ၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ သင်တန်းပို့ချခဲ့သည်။

သင်တန်းတွင် အခြေခံအီး(လ်)မေးအသုံးပြုပုံ နည်းစနစ်၊ Web Portal နှင့် FTP တို့တွင် သတင်းများပေးပို့ တင်ပြနည်း၊ ထူးခြားသတင်းနှင့် အခြားသတင်းများအား သတင်းဌာနအသီးသီးနှင့် ဦးစီးဌာန(ရုံးချုပ်)သို့တင်ပြရာတွင် ညွှန်ကြားချက်များနှင့်အညီ အချိန်တိုအတွင်း တင်ပြနိုင်ရန် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ဝန်ထမ်းတစ်ဦးချင်းစီအား ကွန်ပျူတာဖြင့် လက်တွေ့ဆောင်ရွက်ခြင်းကို မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဦးရဲနောင်ချစ်က သင်ကြားပို့ချသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြိုင်က ဒေသအတွင်းရှိ ပြည်သူတို့၏ လိုအပ်ချက်၊ ပြည်သူစိတ်ဝင်စားသည့် ထူးခြားဖြစ်စဉ်သတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီတင်ပြကြရန်နှင့် နိုင်ငံတော်အကြီးအကဲများ၏ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများသိရှိနိုင်ရန် ဖော်ပြပေးရန် အတွက် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများထုတ်ကာ အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း လမ်းညွှန်ပြောကြားခဲ့သည်။

အဆိုပါ သတင်းလုပ်ငန်းလက်တွေ့သင်တန်းသို့ အထက်ချင်းတွင်းဒေသရှိ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်း ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

ရက် ၁၀၀ စီမံချက်ဖြင့် လက်တောင်းကြီးကျေးရွာသို့ မြေဌားဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပုလဲ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာရှိ ပြည်သူများအား ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် မြေဌားဂရန်များ ထုတ်ပေးနိုင်ရေး မြေကြီး၊ မြေပုံမှန်ကန်ရေး တိုင်းတာခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူရသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ မေ ၃၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူရက "အများပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေ အဆင်ပြေချောမွေ့စေရေး ရှေးရှုပြီး ဝန်ကြီးဌာနအသီးသီးရှိ ဌာနများအလိုက် ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနိုင်မယ့်လုပ်ငန်းစဉ်များနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ပေးနေသလို ကျွန်တော်တို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ လက်တောင်းကြီးကျေးရွာမှာ ရှိတဲ့ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိပြီး မြေဂရန်လျှောက်ထားတဲ့ ကျေးရွာတိုးချဲ့မြေရေယာ ၂၆ ဒသမ ၉၉ ဧကထဲက နေအိမ်ဝန်း ၈၅ အိမ်၊ မူလကျေးရွာမြေထဲက နေအိမ်ဝန်း ၄ အိမ် စုစုပေါင်း ၈၉ အိမ်ကို မြေဌားဂရန်ထုတ်ပေးနိုင်ဖို့ မြေကြီး၊ မြေပုံမှန်ကန်မှုရှိစေရေး ကွင်းဆင်းတိုင်းတာခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်အတွင်းရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်တွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေဌားဂရန်ရရှိပါက လူနေထိုင်မှု ခိုင်မာခြင်း၊ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အကိုးနှန်းသက်သာစွာဖြင့် အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အရင်းအနှီးချေးငွေးများ ချေးယူနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်လာပြီး ကောင်းမွန်သော အကျိုးရလဒ်များရရှိနိုင်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ရက် ၁၀၀ စီမံချက်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ထားဝယ် ဇွန် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှထွေး၊ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်း၊ ရေဖြူမြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ဇွန် ၁ ရက်တွင် ရက်၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်နေသော ရေဖြူမြို့နယ် ဆင်ပုနစ်-နတ်တွင်းလမ်းပေါ်ရှိ ရှစ်ပေသစ်သားတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ သစ်တိုထောင့်၊ ကျောက်ဂုက်ကုန်းကျေးရွာများတွင် လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ကျောက်ထောင့်ကျေးရွာ အပ်ချုပ်စက်သင်တန်းသင်ကြားနေမှုလုပ်ငန်းများအား ကွင်းဆင်း၍ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် တံတားလုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ ဆက်သွယ်ရေးမပြတ်တောက်စေရန် တစ်ဖက်ဖွင့်/ပိတ်စနစ်ဖြင့် ဆောင်ရွက်သွားရန်၊ မြေသားဆောင်ရွက်ရာတွင် ရေမြောင်းတူးဖော်သွားရန်၊ လမ်းပခုံး(Camber)ရာနှုန်းပြည့်အောင် ခင်းရန်၊ စက်ကြိတ်နင်းထားရန်၊ နေ့စဉ်မိုးရွာသွန်းနေ၍ လမ်းမပျက်စီးစေရန်အတွက် ယာဉ်သွား ယာဉ်လာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်၊ လက်တူးတွင်းတူးဖော်ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ကာလအပြီး ဆောင်ရွက်စေရန် တာဝန်ရှိသူများအား မှာကြားသည်။

ရေဖြူမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်လုပ်ငန်းများအနေဖြင့် မြေသားလမ်း (၀/၄)မိုင်၊ ကွန်ကရစ်တံတား ရှစ်ပေ၊ လက်တူးတွင်း ငါးတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အပ်ချုပ်စက်သင်တန်းအတွက် ငွေကျပ် ၅ ဒသမ သုည သန်း ခွင့်ပြုထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရက် ၁၀၀ စီမံချက်ဖြင့် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ညောင်လေးပင်မြို့၌ ဆောင်ရွက်

ညောင်လေးပင် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၂)ရက်ကွက် စိတ္တသုခလမ်းတွင် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၃ ရက်က ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး ဦးဆောင်၍ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေးနှင့် စည်ပင်ဝန်ထမ်း ၃၂ ဦးတို့သည် မြို့မ(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်း၍ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ချုံနွယ်မြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများပြန်လည်တူးဖော်ပေးခြင်း၊ အမှိုက်များနှင့် အညစ်အကြေးများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် ထွက်လာသောအမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် သွားရောက်စွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

အိန္ဒိယအုပ်ချုပ်သော ကသ္မီရ(ကက်ရ်မီးယား) ပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ ကလေးလုပ်သားတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ- အယ်လ်ဂျာဇီးရား

ဒါသတို့အရေး ပေါ့ပြက်ပြက် မတွေးနှင့်

à ကိုရင်ညြ

ခေတ်သစ်ကျေးကျွန်ဘဝတွင် နံနံချာချာ ရှိလှစွာဖြင့် နေထိုင်ကြရှာသူ ဦးရေမှာ ၄၅ သန်းကျော်အထိရှိနေပြီးလျှင် နိမ့်နိမ့်မျက်ကျ ကျေးကျွန်ဘဝတွင် ယက်ကန်ယက်ကန် လူးလွန့်ရုန်းကန်နေကြရသူများ အနက် သုံးပုံနှစ်ပုံမှာ အာရှသားတို့ဖြစ်ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုလိုက်ရသောအခါ ကံမကောင်း အကြောင်းမလှ 'ဒါသ'တို့အတွက် သနားဂရုဏာသက်မိရင်း ကျွန်ုပ်ခံရသူတို့၏ သောက မီးများ တည်ညီးတပြောင်ပြောင် လောကကြီးကို တောက်လောင်နေသည် တကားဟု ကြီးစွာသော သံဝေဂရမိလေ၏။

'ဒါသ' ဟူသည်ကား 'ကျွန်' ဟု အဓိပ္ပာယ်ရပြီးလျှင် 'ဒါသီ' ဟူသည်ကား 'ကျွန်မ' ဟု မာဂဓဘာသာက ညွှန်းဆိုထား၏။

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် 'မပဋ္ဌာနှင့် ကိုဒါသ' ဝတ္ထုကြောင်းကို တင်ပြ လိုခြင်းမဟုတ်မူ၍ မျက်မှောက်ကာလ ကမ္ဘာ့လူမှုရေးဘဝ၏ ခါးသီးသော ဖြစ်တည်မှုများကို ပြည်သူတို့ အာရုံပြုလာကာ ကိုယ်ချင်းစာနာတရားဖြင့် လူသားချင်း ပိုင်းပင်းကူညီလိုစိတ် ဆွဲဘိုးတိုးလာစေရန် ရည်သန်လိုရင်းဖြစ်ပေသည်။

ကျေးကျွန်ဘဝ အညွှန်းကိန်း

ဩစတြေးလျနိုင်ငံရှိ Walk Free Foundation က ယခု ရက်သတ္တပတ်အတွင်း '၂၀၁၆ ခုနှစ် ကမ္ဘာ့ကျေးကျွန်ဘဝ အညွှန်းကိန်း' ကို ထုတ်ပြန်လိုက်ရာတွင် ကြက်သီးမွေးညင်းထဖွယ်ရာ ကိန်းဂဏန်းများက နိုင်ငံတကာ လူ့အခွင့်အရေးသမားများအား မထီမဲ့မြင်ပြုနေသယောင်ယောင် ကျွန်ုပ် အတွေးဝင်မိ၏။

ထိုအညွှန်းကိန်းများက လက်ညှိုးငေါက်ငေါက် ထိုးနေဘိအလား ညွှန်ပြနေသည့် အရာသည်ကား ခေတ်သစ် ကျေးကျွန်ပြုမှုပေတည်း။

ဘီလူးဆိုင်းတီးလိုက်သလို ကမ္ဘာတစ်လွှား လှုပ်လှုပ်ရှားရှား ဖြစ်အံ့လောက်သော ကိန်းဂဏန်းများ၏ နောက်ကွယ်၌ ပုန်းလျှိုးနေသော အရာသည်ကား 'ကုပ်သွေးစုပ်မှု' ဖြစ်၏။ လူလူချင်း မေတ္တာမထားနိုင်ဘဲ မိမိ၏ တစ်ခုတည်းသော လိုဘအတွက် လောဘရမ္မက်ထွက်ကာ သွေးစုပ်ချယ်လှယ်တတ်သူများ ဤလောကကြီးအတွင်းဝယ် သက်ဆိုးရှည်နေကြဆဲပါတကားဟု ကျွန်ုပ်ညည်းမိ၏။

သူတော်ကောင်းဓာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာ မတည်မရွှေ့ မတရားသူများက ရိုးသားဖြူစင်သော လူတို့အပေါ် ကုပ်သွေးစုပ်ခြင်း၊ ချယ်လှယ်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေဦးမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ချေ။

ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှု၊ အဓမ္မ (အတင်းအကျပ်)ပြုမှု၊ အာဏာအလွဲသုံးမှု၊ လိမ်လည်လှည့်ဖျားမှုစသည့် နည်းလမ်းများကို လွန်ဆန်နိုင်ခြင်း မရှိသဖြင့် လိုက်လျောလုပ်ကိုင်ပေးရသူမှာ ကုပ်သွေးစုပ်ခံရသူဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်လေသည်။

ခေတ်သစ်ကျေးကျွန်ပြုပုံ

ခေတ်သစ်ကျေးကျွန်ပြုမှု ပုံစံများကို ကျွန်ုပ်လေ့လာကြည့်လျှင် အကြွေးမဆပ်နိုင်သဖြင့် လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရခြင်း၊ ပေါင်းသင်းဆက်ဆံလိုခြင်းမရှိသော ယောကျ်ားအား ခင်ပွန်းအဖြစ် သတ်မှတ်ကာ ဇနီးအဖြစ်ရပ်တည်ပေးရခြင်း၊ နေအိမ်တွင် အစေအပါး၊ အခိုင်းခံအဖြစ် ရပ်တည်ကာ အစေခံအဖြစ် လုပ်ကိုင်ပေးရခြင်း၊ အဓမ္မ စေခိုင်းခံရခြင်းတို့ကို တွေ့မြင်နိုင်သည်။ ဤသည်တို့ကား ခြိမ်းခြောက်ခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ကြောင့် လိုက်လျောပေးရသည့် အနိဋ္ဌာရုံများဖြစ်၏တည်း။

ခေတ်သစ် ကျေးကျွန်ပြုပုံ၏ သာဓကများကို ကျွန်ုပ် ထုတ်ဆောင်ပြလိုပေသည်။

ပင်လယ်စာ ထုတ်လုပ်ရေးလုပ်ငန်းသည် ခေတ်သစ်ကျေးကျွန်များနှင့် အတူယှဉ်တွဲ တွေ့မြင်နိုင်သော လုပ်ငန်းကြီးဖြစ်ပြီးလျှင် 'လူမှောင်ခို' များသည် ဇာတ်နာအောင်ပြုသော ဇာတ်ဆရာများနှင့် တူညီလှသည်။ ဤနေရာတွင် ကျွန်ုပ်အနေဖြင့် "ဩော်. . . ဇာတ်ဆရာ၊ ဇာတ်ဆရာ . . . မတရား မလုပ်လိုက်ပါနဲ့ နှစ်ပါးသွားလေး ထုတ်ပြပါဦးခင်ဗျာ" ဟူသော ဇာတ်တေးသီချင်း တစ်ပိုင်းတစ်စကို ညည်းမိရင်း သူတို့ကို ရွှေ ပြည်အေးတရားဟောရမလိုလို မဆီမဆိုင် အတွေးဝင်မိသေးသည်။

ကမ္ဘာ့ပင်လယ်စာ ထုတ်လုပ်ရေးလုပ်ငန်း၏ အမည်းစက်တစ်စက်မှာ ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းဖြစ်သည်။ လူမှောင်ခိုများ၏ ချိတ်ဆက်ပေးမှုအရ တံငါစက်လှေများ ပေါ်တွင် ကျေးကျွန်သဖွယ် လုပ်ကိုင်နေရသူ လူထောင်ပေါင်းများစွာရှိနေကြပြီးလျှင် ပြေးစရာမြေမရှိ သမ္ဗဒ္ဓရာရေတို့ဖြင့်သာ အတိပြီးသော အဝန်းအဝိုင်းလေးအတွင်း ခန္ဓာဖြင့် ပေးဆပ်ကာ ကမ်းမမြင်လမ်းမမြင်ဘဝတွင် လုံခြုံမှုကင်းမဲ့စွာ နေထိုင်ကြရပုံများက ရင်နင့်ဖွယ်ရာကောင်းလှသည်သာတည်း။

ထိုင်းရေလုပ်ငန်းအတွင်း လူမိုက်တို့ကြီးစိုးနေပြီးလျှင် လုပ်ငန်းခွင်မှ ထွက်ပြေးရန် ကြိုးပမ်းပါက အသတ်ခံရခြင်း၊ ငါးဖမ်းစက်လှေပေါ်မှ ကန်ချခံရခြင်းတို့ပင်ရှိနေသည်ဟု ကျေးကျွန်ဘဝမှ လွတ်မြောက်လာသူများက ရင်ဖွင့်ပြောဆိုခဲ့ပုံများကို သတင်းစာမျက်နှာများတွင် အခါအားလျော်စွာ ဖတ်ရှုနေကြရလေသည်။

ထိုင်းနိုင်ငံသည်ကား ကမ္ဘာပေါ်၌ ပင်လယ်စာ တင်ပို့ရောင်းချသည့် နိုင်ငံများ အနက် တတိယအကြီးဆုံး နိုင်ငံပေတည်း။

ကျွန်ုပ်တို့၏ 'ရွှေမြန်မာ' များနှင့် ခမာနွယ်ဖွား ကမ္ဘောဒီးယားနိုင်ငံသားအချို့မှာလည်း လူမှောင်ခိုဂိုဏ်းသားများ၏ ရောင်းစားမှုကို ခံစားခဲ့ကြရပြီးလျှင် အပြောကျယ်သည့် ပင်လယ်ပြာအတွင်း အမှုစေခိုင်းခံနေကြရသည်မှာ တိုင်းကျော်ပြည်ကျော်ဖြစ်၏။ အာဏာပိုင်များက လူမှောင်ခိုလောကသားများကို နှိပ်ကွပ်လျက်ရှိနေသည့်တိုင် ဘနဖူးသိုက်တူးသူများမှာ မာရ်နတ်ဆိုးမျိုးနွယ်အရှင်ကြီး၊ သခင်ကြီးအဖြစ် ဘဝတဏှာ၏ စီမံရာကို လုပ်နေကြဆဲဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ငါးဖမ်းစက်လှေ သေးသေးလေးပေါ်တွင် တစ်ရက်လျှင် နာရီပေါင်း ၂၀ ကြာမျှ ပင်မမ်းဆင်းရခြင်းကြီးစွာ လုပ်ကိုင်ပေးကြရသော်လည်း လုပ်ခလစာ တစ်ပြားတစ်ချပ်မျှမရဘဲ 'ထမင်းစား ကျွန်ခံ' ဘဝကို ဖြတ်သန်းနေရသော နိုင်ငံတကာ ရေလုပ်သားများ၏ ဘဝမှာ အသွေးအသားဖြင့် ပေးဆပ်ရသော ကျေးကျွန်ဘဝကို သရုပ်ဖော်ကျူးလျက်ရှိလေသည်။

အလုပ်ခြင်ခန်းမနှင့် ဆေးခြောက်စိုက်ခင်းမှ ခေတ်သစ်ကျေးကျွန်များ

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးအဖြစ် ကမ္ဘာတစ်ခွင် ထင်ရှားပေါ်လွင်သော ယူနိုက်တက်ကင်းဒမ်း၌ ခေတ်သစ်ကျေးကျွန်အဖြစ် ပေးဆပ်နေကြရသူပေါင်း ၁၀၀၀၀ မှ ၁၃၀၀၀ အထိ ရှိနိုင်သည်ဟု သုတေသီတို့က ဆိုကြသည်။ အယ်လ်ဘေးနီးယား၊ နိုင်ဂျီးရီးယား၊ ဗီယက်နမ်နှင့် ရိုမေးနီးယား နိုင်ငံတို့မှ မရှိဆင်းရဲသားများ သာယာရွှေပြည် ဘုရင်မကြီး၏ နိုင်ငံ၌ အလုပ်ရပါစေ မည်ဟု အယုံသွင်းကာ စည်းရုံးသိမ်းသွင်းခံရပြီးလျှင် လူမှောင်ခိုဂိုဏ်းသားတို့၏ ပို့ဆောင်ပေးမှုဖြင့် ဗြိတိန်နိုင်ငံရှိ အလှပြင်ခန်းမများ၌ ခြေသည်း၊ လက်သည်း အလှပြင်သူများအဖြစ်လည်းကောင်း၊ ဆေးခြောက်စိုက်ခင်းများ၌လည်းကောင်း လုပ်ကိုင်နေကြရရှာလေသည်။

အလုပ်မှ ထွက်ပြေးလျှင် ယင်းလုပ်သား၏ မိသားစုဝင်များ အတိဒုက္ခရောက်အောင် လုပ်မည်ဟုပင် ခြိမ်းခြောက်မှုများရှိနေကြောင်း ကျွန်ုပ်မှတ်သားသိရှိရသည်။

ဗီယက်နမ်နိုင်ငံသားလေး ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦးသည် ဗြိတိန်ရှိ နေအိမ်တစ်လုံး၌ အလုပ်လုပ်ကိုင်နေပြီး သူလုပ်ရသည့်အလုပ်မှာ နေအိမ်အတွင်း ဆေးခြောက်စိုက်ခင်း၌ လုပ်ကိုင်ရခြင်းဖြစ်သည်ဟု ကျွန်ုပ်ကြားသိရလေသောအခါ 'အလုပ်ရှင်' တို့၏ လူသားကျင့်ဝတ် အသိစိတ်ဓာတ်ကင်းမဲ့ပုံကို သံဝေဂရမိ၏။

ထိုဆယ်ကျော်သက်ရွယ် လူငယ်သည်ကား ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးအားလုပ်ကျွေးပြုစုလို၍ အသက် ၁၆ နှစ်သားအရွယ်မှာပင် ဗြိတိန်သို့ အရဲကိုးကာ ရောက်ရှိလာခဲ့သည်။ လက်တွေ့တွင်မူ သူလုပ်ကိုင်ပေးရသည့် အလုပ်မှာ သူထင်မှတ်ခဲ့ခြင်းမရှိသော ဆေးခြောက်စိုက်ခင်းလုပ်ငန်းခွင်တွင် ဖြစ်နေရာ ဒီမိုကရေစီအစဉ်အလာကြီးမားသော နိုင်ငံကြီး၌ပင် ဥပဒေစည်းမျဉ်းချိုးဖောက်သူ စုန်းပြုံးများ တစ်ပုံတစ်ခေါင်းရှိနေပါတကားဟု ကျွန်ုပ် တွေးမိလေသည်။

ကာမဂုဏ် ပျော်တော်ဆက်ကျေးကျွန်

ယနေ့ကာလ ကမ္ဘာတစ်ဝန်း၌ ကာမဂုဏ်အလို့ငှာ ပျော်တော်ဆက်ပေးရသူ ကျေးကျွန်တစ်မျိုးလည်းရှိ၏။

ကျွန်ုပ်သိရှိရသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်မှာ ဤသို့တည်း။ အင်ဒိုနီးရှားနိုင်ငံသူလေး စန္ဒရာဝိုဝိုရွန်တိုသည် အမေရိကန်ပြည်ထောင်စု၌ ဟိုတယ်လုပ်ငန်းတွင် အလုပ်ရမည်ဆိုသော လူမှောင်ခိုတို့၏ စကားကို ယုံမှတ်ပုံအပ်ကာ ပြည်ပသို့ ထွက်ခွာခဲ့သည်။ အမေရိကန်သို့ ရောက်လာသည်တွင် လက်နက်ကိုင်လူမှောင်ခိုဂိုဏ်းဝင် လူဆိုးများက စန္ဒရာကို ခြိမ်းခြောက်ကာ ကာမဂုဏ် ပျော်တော်ဆက်ခန်း၌ ကျေးကျွန်အဖြစ် စေခိုင်းခဲ့သည်။

အမေရိကန်၌ အလုပ်လုပ်ခွင့်ရရှိရေးဝန်ဆောင်ပေးခဲ့ရခြင်းအတွက် စန္ဒရာသည် အကြွေးဒေါ်လာ ၃၀၀၀၀ တင်နေပြီး အမျိုးသားတစ်ဦးအတွက် ပျော်တော်ဆက်ပေးလျှင် အခကြေးငွေ ဒေါ်လာ ၁၀၀ ရရှိမည်ဖြစ်ကာ ယင်းအကြွေးငွေ မကျေမချင်း ပေးဆပ်ရမည်ဟု လူဆိုးများက အတင်းအဓမ္မပြောဆိုခဲ့သည်ဆို၏။

နောက်ဆုံးတွင် ထွက်ပြေးလွတ်မြောက်ရန်ကြိုးပမ်းနိုင်ခဲ့ပြီး ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)ကို သတင်းပေး တိုင်ကြားခဲ့ရာ စန္ဒရာအလုပ်လုပ်ခဲ့ရာ 'ဆောင်ကြာမြိုင်' ကို စီးနင်းရှာဖွေကာ လူမှောင်ခိုဂိုဏ်းသားများနှင့် တာဝန်ရှိသူများကို ဖမ်းဆီးနိုင်ခဲ့လေသည်။ အမေရိကန်၌ ဆောင်ကြာမယ်များ အဖြစ် ကျွန်ခံရသူ ၄ ဒသမ ၅ သန်းခန့်ရှိသည်ဟု နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်ကဆိုသည်။

ဖုန်းတောင်းယာစကာ ကျေးကျွန်ဘဝ

ခေတ်သစ်ကျေးကျွန်များအနက် ထူးထူးခြားခြား ကျေးကျွန်တစ်မျိုးမှာ ဖုန်းတောင်းယာစကာ (ဝါ) သူတောင်းစား ကျေးကျွန်ဖြစ်၏တည်း။

အာရှ၊ အာဖရိက၊ ဥရောပ၊ လက်တင်အမေရိကနှင့် အရှေ့အလယ်ပိုင်း ဒေသတစ်ဝန်း၌ တောင်းရမ်းစားသည့် အလုပ်ကို အတင်းအဓမ္မ စေခိုင်းလျက်ရှိကြသည်။

ကလေး သူတောင်းစားများသည် တောင်းရမ်းရရှိသည့်တိုင်အောင် လုပ်အားခ ငွေကြေး တစ်ပြားတစ်ချပ်မျှ မရရှိသည့်အပြင် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရ ဘဝတွင် လူးလွန့်ရုန်းကန်နေကြရသည်ဆို၏။

လောဘရမ္မက်ကြီးခြင်း၊ ဥပဒေစိုးမိုးရေး တာဝန်ရှိသူများ အဂတိလိုက်စားခြင်း၊ တာဝန်ကျေပွန်မှု မရှိခြင်း၊ ဆင်းရဲတွင်းနက်ခြင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ အင်အားကြီးထွားလာခြင်း စသည့် အကြောင်းတရားများသည် ခေတ်သစ်ကျေးကျွန်များကို ပေါက်ပွားစေသည်ဟု ကျွန်ုပ် ရှုမြင်မိသည်။

ခေတ်သစ်ကျေးကျွန်များသည် လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် သက်ဆိုင်နေသော ပြဿနာတစ်ရပ်ဖြစ်ပေရာ ယင်းပြဿနာ၏ နက်ရှိုင်းမှုကို စေ့ငုမိပြီးလျှင် "ဒါသတို့အရေး ပေါ့ပြက်ပြက် မတွေးနှင့်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

လက်ခုပ်ကုန်းကမ်းခြေ အသွားအပြန်ခရီးစုပေါင်းစက်ဘီးစီးမည်

ရန်ကုန် ဇွန် ၄

လက်ခုပ်ကုန်းကမ်းခြေဘက်သို့ အသွားအပြန် စုပေါင်း၍ စက်ဘီးစီးခရီးစဉ်တစ်ခုကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စက်ဘီးစီးဝါသနာရှင်များကွန်ရက် (BNM) မှ ဦးညီဝင်းနိုင်က ပြောကြားသည်။

အဆိုပါခရီးစဉ်သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုစီးနင်းခြင်းဖြစ်သလို BNM အနေဖြင့်လည်း ၃၁ ကြိမ်မြောက် စုပေါင်းစီးနင်းကြသော ခရီးစဉ်တစ်ခုလည်း ဖြစ်သည်။ နွေကာလက ရာသီဥတုပူပြင်းမှုကြောင့် ရံဖန်ရံခါလောက်သာ စုပေါင်းစီးနင်းခဲ့ကြသော်လည်း ယခုခရီးစဉ်မှ စတင်ကာ လာမည့် ၂၀၁၇ ခုနှစ် မတ်လအထိ နှစ်ပတ်တစ်ကြိမ်နှုန်း ပုံမှန်စီးနင်းသွားရန် လျာထားသည်။

ယခုခရီးစဉ်အတွက် စုရပ်ကို ပန်းဆိုးတန်း ဆိပ်ကမ်းအနီး၌ စီစဉ်ထားကာ နံနက် ၅ နာရီစုစည်း၍ ၅ နာရီခွဲတွင် ဒလဘက်သို့ သင်္ဘောဖြင့်ကူးကာ ဒလမှ လက်ခုပ်ကုန်းသို့ စက်ဘီးစုပေါင်းစီးနင်းကြမည်ဖြစ်ပြီး ဓနုတ်စေတီတော်သို့လည်း ဝင်ရောက်ဖူးမြော်ကြမည်ဖြစ်သည်။ ခရီးစဉ်သည် ဒလမှ ၃၅ မိုင်ရှိပြီး အသွားအပြန် မိုင် ၇၀ ရှိကာ အိမ်မှ စုရပ်သို့ အပါအဝင် စုစုပေါင်းမိုင် ၁၀၀ အကွာအဝေးရှိမည်ဟု ၎င်းကပြောသည်။

